# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဝမ်းမြောက်ခြင်းတရား**

လူမိုက်တို့သည် စေးနဲ့ဝန်တို၍ သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်း မရှိကုန်။ ထို့ကြောင့် ဒုဂ္ဂတိဘဝသို့ရောက်ရ၏။ ပညာရှိတို့ကား သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်း ရှိကုန်၍ တမလွန်ဘဝ၌ ချမ်းသာရ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစရိယတရားလေးပါးတို့တွင် ဝမ်းမြောက်ခြင်းဟူသော တရားသည် ချမ်းသာခြင်းကို ဆောင်၏။ လောကဝင်(ဓမ္မပဒ-၁၇၇)


၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့။ Wednesday, 10 May 2017 (၈၉၂၀)




## ပြည့်ဝသည့် ဒီမိုကရေစီမဟုတ်သေးသော်လည်း တစ်လှမ်းချင်းလှမ်းနေ လုံးဝပြည့်ဝသည့် ဒီမိုကရေစီဖြစ်အောင် နိုင်ငံသူ နိုင်ငံသားတိုင်းတွင် တာဝန်ရှိ


သတင်းစာမျက်နှာ ››› ၃


# မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့ကို ဆက်သွယ်သော ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)နှင့် တံတားပြတိုက်ဖွင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူလူထု၏ ကုန်ထုတ်လုပ်မှုများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်

မော်လမြိုင် မေ ၉

မြန်မာနိုင်ငံ၏ ပင်လယ်အစိတ်အပိုင်းတစ်ခုဖြစ်သည့် သံလွင်မြစ်ကိုဖြတ်သန်းပြီး မော်လမြိုင်မြို့နှင့် အဓိကကျွန်းကြီးတစ်ကျွန်းဖြစ်သည့် ဘီလူးကျွန်းဒေသ ချောင်းဆုံမြို့ကို ဆက်သွယ်တည်ဆောက်ထားသော ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)နှင့် တံတားပြတိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တံတားတည်ဆောက်ရေးစီမံကိန်း မော်လမြိုင်ဘက်ကမ်းရှိမဏ္ဍပ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့




မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့ကို ဆက်သွယ်တည်ဆောက်ထားသော ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)နှင့် တံတားပြတိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။




ကြေးမုံ

# မြန်မာတို့၏ အောင်ဆုယူရိုးရာအစဉ်အလာ ထူးမြတ်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့

ယနေ့သည်ထူးမြတ်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးမြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားလောင်း သုမေဓာရှင်ရသေ့သည် ဒိပင်္ကရာမြတ်စွာဘုရားရှေ့အရောက် ဝမ်းလျားမှောက်ကာ ဘုရားရှင်ထံမှ နိယတဗျာဒိတ်ကို ခံယူရရှိတော်မူခဲ့သည်။ အလောင်းတော်မင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်တော်မူသည်။

သစ္စာလေးပါးမြတ်တရားကို ရရှိတော်မူသည့်နေရာတွင် မဟာဗောဓိပင်ပေါက်သောနေ့ဖြစ်သည်။ အလောင်းတော်မင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။ မြတ်စွာဘုရားသည် ဝါတော် (၄၅) ဝါ၊ သက်တော် (၈၀) မဟာသက္ကရာဇ် ၁၄၈ ခုနှစ် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။

ထို့ကြောင့် ကဆုန်လပြည့်နေ့သည် ဗျာဒိတ်ခံယူခဲ့သောနေ့၊ ဖွားမြင်တော်မူသောနေ့၊ မဟာဗောဓိပင်ပေါက်သောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ပြီး အကြောင်းငါးပါး တိုက်ဆိုင်သောနေ့ဖြစ်ကာ ထူးမြတ်သောနေ့ကြီးဟု ဆိုရမည်ဖြစ်သည်။ အဆိုပါနေ့ထူးနေ့မြတ်ကို ရှေးက အသိအမှတ်ပြုကာ ပူဇော်မှုပြုခဲ့ကြသော်လည်း ဗုဒ္ဓနေ့ဟု အတိအလင်းသတ်မှတ်ခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နေ့ နောက်ပိုင်းကာလမှဖြစ်လေသည်။ ထိုနေ့တွင် ညောင်ရေသွန်းပွဲတော်ကို ကျင်းပလေ့ရှိရာ မျက်မှောက်ကာလထိတိုင်ဖြစ်သည်။

ဗုဒ္ဓဘာသာဓလေ့အရ ညောင်ရေသွန်းပွဲတော်ပြုလုပ်ကြခြင်းသည် နှစ်ဦးအခါတွင် ရရှိနိုင်သော ကောင်းကျိုးချမ်းသာများ ကျက်သရေမင်္ဂလာများ ပြည့်စုံကြစေရန် ကုသိုလ်ကောင်းမှုပြုကြခြင်းဖြစ်သည်။ ဗောဓိပင်အား မိမိတို့၏စိတ်တွင် အခြားအပင်တို့ထက် ပိုပြီးထူးကဲသောသဘောရှိသောကြောင့် ဘုရားရှင်လက်ထက်ကပင် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော် ကျင်းပလေ့ရှိကြောင်း သိရသည်။ ညောင်ပင်စောင့်နတ်ကိုလည်း ပူဇော်ပသပြီး ဆုတောင်းကြသည်။ နတ်ကိုပူဇော်ရာမှ ဘုရားရှင်ကို ပြောင်းလဲပူဇော်ကာ ရေစင်သွန်းလောင်း ဆုတောင်းခြင်းအစဉ်အလာဖြစ်လာသည်။

ထိုနေ့သည် ဘုရားရှင်၏ ထူးခြားမှုငါးပါးနှင့် ပြည့်စုံသကဲ့သို့ ကျက်သရေတော်များသခင် ဘုရားရှင်၏ အောင်ပွဲသဘင်လည်းဖြစ်သည်။ ယုတ်မာညစ်ညမ်း ပညာကမ်းသော မာရ်နတ်သား၏ ရှုံးပွဲလည်းဖြစ်သည်။ မာရ်နတ်သားကို အောင်ပွဲခံရသည့် ကဆုန်လပြည့်နေ့တွင် ဗောဓိပင်ကုန်းတော်သို့ စုရုံးချီတက်ကာ ရေစင်သွန်းလောင်းပြီး ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ပူဇော်ကြသည်ဟု ဆိုလိုချင်သည်။

ထို့ကြောင့် ထူးခြားမွန်မြတ်လှသော ကဆုန်လပြည့်နေ့တွင် ကျွန်ုပ်တို့သည် မြတ်စွာဘုရားရှင်အား ပူဇော်ခြင်းနှင့် ဘေးအပေါင်း၊ ရန်အပေါင်းမှ ကင်းစင်ပပျောက်စေရန် ဆုတောင်းခြင်းစသည့် အနှောင်အယှက် အဖျက်အဆီး ရန်အပေါင်းတို့မှ ကင်းဝေးပပျောက်အောင် တောင်းဆုခြွေခြင်းအမှုကို ပြုကြရမည်ဖြစ်သည်။

အောင်ရာအောင်ကြောင်း ကောင်းကျိုးချမ်းသာများနှင့် ကြီးပွားတိုးတက်ကြစေရန် တောင်းဆုယူခြင်းသည် လူတိုင်း လူတိုင်း ပြုသင့်သော အမှုဖြစ်လေသည်။ ထိုနေ့ရက်မြတ်တွင် မြန်မာပြည်သူပြည်သားများ မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့စရိုက် မြတ်နိုးဖွယ်၊ နှစ်လိုဖွယ်တို့နှင့်ပြည့်စုံသော ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်နေ့တွင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် တောင်းဆုယူနိုင်ကြစေရန် ဆန္ဒပြုပါသည်။ ။

## ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းကကျင်းပသော ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၇ ရက် နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သူနာပြုနှင့်သားဖွားဆရာမများနှင့်ပတ်သက်လျှင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီတို့သည် အမြဲမပြတ်ထိတွေ့နေပြီး သူနာပြုနှင့်သားဖွားဆရာမများ အကျိုးအတွက် ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ သူနာပြုနှင့် သားဖွားဆရာမများ၏ လုပ်ငန်းခွင် အဆင်ပြေချောမွေ့စေရေးကို အမြဲတမ်းစဉ်းစားပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် သားဖွားဆရာမများဖြည့်တင်းရသော စာရင်းဇယားများကို ပြန်လည်ဆန်းစစ်ပြီး အဓိကလိုအပ်သည့် စာရင်းဇယားပုံစံများကိုသာ ဆက်လက်ဖြည့်တင်းစေမည်ဖြစ်သည့်အတွက် သူနာပြုနှင့် သားဖွားဆရာမများ အလုပ်ဝန်ပိမှုမှ သက်သာသွားမှာဖြစ်ပါကြောင်း။

သူနာပြုနှင့် သားဖွားဆရာမများ အရည်အသွေး မြှင့်တင်ရေးအတွက်လည်း Skills Lab များကို ကူညီဆောင်ရွက်ပေးကြသည့် USAID နှင့် Jhpiego အဖွဲ့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ သူနာပြုနှင့် သားဖွားဆရာမများ၏ လုပ်ငန်းခွင်တွင်အဆင်ပြေမှုရှိ၊မရှိ သူနာပြုနှင့် သားဖွားဆရာမများ၏ တက်လမ်းအစရှိသည်တို့ကို သုတေသနတစ်ခု ပြုလုပ်ပြီး တွေ့ရှိချက်များအပေါ် မူတည်၍ တတ်နိုင်သမျှကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ သူနာပြုနှင့်သားဖွားဆရာမများ၏ တက်လမ်းအတွက် ရာထူးနေရာများ စဉ်းစားဆောင်ရွက်လျက်ရှိနေပါကြောင်း၊ သားဖွားဆရာမများ၏ ဘွဲ့တက်လမ်းအတွက် (Bachelor) ဘွဲ့များလည်း ပေးအပ်သွားနိုင်ရန် ဆွေးနွေးလျက်ရှိပါကြောင်း။

သူနာပြုနှင့်သားဖွားဆရာမများ လုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်စေရေး၊ သူနာပြုနှင့် သားဖွားဆရာမများ၏ အရည်အသွေး တိုးတက်ရေးနှင့် ဘွဲ့တက်လမ်းအပြင် သူနာပြုနှင့် သားဖွားဆရာမများ၏ လိုအပ်ချက်များကို ရှုထောင့်ပေါင်းစုံမှကြည့်ရှုလေ့လာကာ ထောက်ပံ့ပေးသွားရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးက အမှာစကားပြောကြားပြီး Jhpiego အဖွဲ့မှ ဒေါက်တာကျော်ကျော်ချိုက ရှင်းလင်းတင်ပြသည်။

ယခု ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ ဆောင်ပုဒ်မှာ "မိခင်ကလေးကျန်းမာဖို့ ထူးခြားအလေးထားစောင့်ရှောက်လို့ သားဖွားဆရာမများ စွမ်းဆောင်စို့" ဖြစ်သည်။ **(သတင်းစဉ်)**

## ဇမ္ဗူသီရိမြို့နယ်၌ (၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ ကျင်းပ



**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒု-ရဲအုပ်လောင်း သင်တန်းအမှတ်စဉ် ၆၆/၂၀၀၉ (ဗလတပ်ခွဲ)၏ (၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အဖြစ် ကျောင်းဆင်းအရာရှိများက မေ ၇ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ သာသနာ့ပါလဓမ္မရိပ်သာ (မြိတ်) ကျောင်းတိုက်၌ (ရေတွင်း၊ ရေကန်) လှူဒါန်းခြင်း၊ ကျောင်းရှိသံဃာတော်များအား နေ့ဆွမ်းကပ်ခြင်း၊ ဓမ္မစကူးလ်ကျောင်းသားကျောင်းသူ ခြောက်ရာကျော်တို့အား အာဟာရကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၉**

ရန်ကုန်(ရွှေဈေး) ၈၉၂၅၀၀ - ၈၉၂၅၀၀၊ မန္တလေး(ရွှေဈေး) ၈၉၂၅၀၀ - ၈၉၂၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၅/၇၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၀၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၂၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၈/၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၂/၆၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၀ ကျပ်

**၂-၅-၂၀၁၇ ရက်နေ့မှ ၈-၅-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၁၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၄၃ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၁၇ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၂၇ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၈၇.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၉.၂၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃.၉၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၆၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၁.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၉၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၆.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၈.၃၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## ပြည့်ဝသည့်ဒီမိုကရေစီမဟုတ်သေးသော်လည်း တစ်လှမ်းချင်းလှမ်းနေ လုံးဝပြည့်ဝသည့် ဒီမိုကရေစီဖြစ်အောင် နိုင်ငံသူ နိုင်ငံသားတိုင်းတွင် တာဝန်ရှိ

**လန်ဒန် မေ ၉**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လန်ဒန်မြို့ရှိ Landmark Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံသားများအားလုံးနှင့် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့ကြသူအားလုံးကို မခွဲခြားဘဲ မိသားစုကဲ့သို့မှတ်ယူပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီလမ်းစဉ်ကို စတင်လျှောက်လှမ်းစဖြစ်ပါကြောင်း၊ ပြည့်ဝသည့် ဒီမိုကရေစီမဟုတ်သေးသော်လည်း တစ်လှမ်းချင်းလှမ်းနေပါကြောင်း၊ လုံးဝပြည့်ဝသည့် ဒီမိုကရေစီဖြစ်အောင် နိုင်ငံသူ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်၊ အစိုးရတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ မရပါကြောင်း၊ ပြည်သူတစ်ရပ်လုံးပါဝင်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကြီး အေးချမ်းအောင်၊ သာယာအောင်၊ တိုးတက်အောင် ကြိုးစားသွားမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအတွက် အရေးကြီးဆုံးမှာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးပင် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရှိဘဲ စစ်မှန်သည့် တိုးတက်မှုရေရှည်တွင် မရနိုင်ပါကြောင်း၊ အရေအတွက်ရှိပြီးဖြစ်သည့်အတွက် အရည်အချင်းရှိအောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ နှလုံးရည်ပြည့်ဝအောင်လုပ်ရမည် ဖြစ်ပါကြောင်း၊ အစိုးရသစ်အနေဖြင့်ပြည်သူအပေါ်တွင် မေတ္တာထားပြီး နိုင်ငံအပေါ်တွင် သစ္စာစောင့်သိပါကြောင်း၊ မြန်မာနိုင်ငံသားများ အနေဖြင့် ပြည်ပတွင်နေထိုင်သော်လည်း မိမိတို့သားသမီးများအား မြန်မာ့ယဉ်ကျေးမှုသိရှိအောင်နှင့် မြန်မာစကားကို သင်ကြားပေးထားသင့်ပါကြောင်း၊ မြန်မာနိုင်ငံကိုကူညီချင်လျှင် မြန်မာ့ယဉ်ကျေးမှုကို အခြေခံနားလည်ရမည်ဖြစ်ပါကြောင်း၊ ကိုယ့်ယဉ်ကျေးမှုကိုလေးစားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများက သိရှိလိုသည်များကို မေးမြန်းကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် လန်ဒန်မြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

မေ ၈ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးနှင့် ဓနသဟာရရေးရာဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဝန်ကြီး Mr. Alok Sharma နှင့် လန်ဒန်မြို့ရှိ ခေတ္တတည်းခိုနေသည့် Dorchester ဟိုတယ်၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စွမ်းရည်မြှင့်တင်မှုသင်တန်းများ ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် မေ ၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Rory Stewart နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗြိတိန်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့်ကိစ္စရပ်များ၊ မြန်မာ-ဗြိတိန်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်စွမ်းအင်ကဏ္ဍများ တိုးမြှင့်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

မြန်မာနိုင်ငံသားများ အနေဖြင့် ပြည်ပတွင် နေထိုင်သော်လည်း မိမိတို့ သားသမီးများအား မြန်မာ့ ယဉ်ကျေးမှုသိရှိအောင်နှင့် မြန်မာစကားကို သင်ကြားပေးထားသင့်။

မြန်မာနိုင်ငံကို ကူညီချင်လျှင် မြန်မာ့ယဉ်ကျေးမှုကို အခြေခံ နားလည်ရမည်၊ ကိုယ့်ယဉ်ကျေးမှုကို လေးစားရမည်။



# မြောက်ကိုရီးယားခေါင်းဆောင်နှင့် ဆွေးနွေးရန် သမ္မတဒေါ်နယ်လ်ထရန့် လမ်းဖွင့်ထားဟုဆို





**ဝါရှင်တန် မေ ၉**

မြောက်ကိုရီးယားအစိုးရက နျူကလီးယားနှင့် ဒုံးလက်နက် အစီအစဉ်များကို စွန့်လွှတ်မည်ဆိုပါက ယင်းနိုင်ငံ၏ ခေါင်းဆောင်ကင်ဂျုံအန်နှင့် စေ့စပ်ဆွေးနွေးမှုပြုလုပ်ရန် လမ်းဖွင့်ပေးထားကြောင်း အမေရိကန်သမ္မတဒေါ်နယ်လ် ထရန့်က တရုတ်နိုင်ငံအား ပြောကြားခဲ့သည်ဟု ဂျပန်ကျိုဒို သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

သမ္မတထရန့်၏ အစိုးရအဖွဲ့သည် အမေရိကန်သို့ မြောက်ကိုရီးယားခေါင်းဆောင်ကင်အား ဖိတ်ခေါ်ကာ ဆွေးနွေးလိုသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြောင်း ကျိုဒို သတင်းဌာနက မေ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ယင်း၏ နျူကလီးယား လက်နက်အစီအစဉ်ကို ဖျက်သိမ်းပေးမည်ဆိုပါက အပြန် အလှန်အားဖြင့် ယင်းနိုင်ငံ၌ အစိုးရအဖွဲ့အပြောင်းအလဲ တစ်ရပ် ဖြစ်ပေါ်ရေးကို အမေရိကန်က လုပ်ဆောင်တော့ မည်မဟုတ်ကြောင်း အမေရိကန်သမ္မတက ကတိပြုခဲ့သည် ဟု ဆို၏။

မြောက်ကိုရီးယားက လက်နက်အစီအစဉ်များကို စွန့်လွှတ်မည်ဆိုလျှင် ကိုရီးယားနှစ်နိုင်ငံပြန်လည်ပေါင်း စည်းရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လာစေရေး အတွက် မိမိတို့ကြိုးပမ်းတော့မည်မဟုတ်ကြောင်း သမ္မတ ထရန့်က တရုတ်နိုင်ငံအား ပြောကြားခဲ့သည်ဟု ကျိုဒို သတင်းတွင် ဖော်ပြထားသည်။

**ကျိုဒို။**




# တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲ စတင်၊ မဲပေးသူဦးရေ စံချိန်တင်မည်ဟု ခန့်မှန်း

**ဆိုးလ် မေ ၉**

တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် ပြည်သူများမဲ ပေးလျက်ရှိကြကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးသူဦးရေ စံချိန်တင်အရေအတွက်အထိ ရှိလိမ့်မည်ဟု ခန့်မှန်း ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၉ ရက် တွင် သတင်းထုတ်ပြန်သည်။

လူထုသဘောထားစစ်တမ်းများအရ ဒီမိုကရက်တစ် ပါတီသမ္မတလောင်း မွန်းဂျေအင်းမှာ ပြည်သူများအတွင်း ရေပန်းစားနေပြီး ၎င်း၏အနီးကပ်ဆုံး ပြိုင်ဘက်မှာ အင်ချောင်စူးဖြစ်ကာ အလယ်အလတ်သဘောထားရှိသူ ဖြစ်သည်။

သမ္မတရွေးကောက်ပွဲအတွက် အပြီးသတ်မဲဆွယ် စည်းရုံးမှုကို မေ ၈ ရက်က ပြုလုပ်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံရှိ မိသားစုပိုင် စီးပွားရေး လုပ်ငန်းအုပ်စုများကို ပြုပြင်ပြောင်းလဲရေးပြုလုပ်သွားရန် မိမိရည်မှန်းထားကြောင်း၊ အလုပ်အကိုင်နေရာများများ ဖန်တီးပေးနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာသုံးစွဲမှုကို မြှင့်တင်သွားနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မွန်းဂျေအင်းက မဲဆွယ်စည်းရုံးရာတွင် ပြောကြားခဲ့သည်။

အကယ်၍ မိမိသမ္မတ ဖြစ်လာမည်ဆိုပါက မြောက်ကိုရီးယားနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်သွား ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း မွန်းဂျေအင်းက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လပေါင်းအတန်ကြာမျှ ခေါင်းဆောင်မှုလေဟာနယ်ဖြစ်ပေါ်ခဲ့ပြီးနောက် သမ္မတ ရွေးကောက်ပွဲကို ကျင်းပခြင်းဖြစ်သည်။ သမ္မတဟောင်း ပတ်ဂွန်ဟေးသည် အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးမှု တို့ဖြင့် ထိန်းသိမ်းခံထားရပြီး တရားစွဲဆိုခံထားရသည်။

ယခုကျင်းပသော သမ္မတရွေးကောက်ပွဲ၌ ကိုရီးယား ဒီမိုကရက်တစ်ပါတီခေါင်းဆောင် မွန်းဂျေအင်း၊ ပြည်သူ့ ပါတီခေါင်းဆောင် အင်ချောင်စူးတို့အပါအဝင် သမ္မတ လောင်း ၁၃ ဦးအနက်မှ တစ်ဦးကို ရွေးချယ်မည်ဖြစ်သည်။ လူငယ်မဲဆန္ဒရှင်ဦးရေများပြားပြီး မဲရုံများသို့ လာရောက် မဲပေးသူဦးရေ စံချိန်တင်မြင့်တက်မည်ဟု ဟောကိန်း ထုတ်မှုရှိသည်။

**ရိုက်တာ။**

# ထိုင်းနိုင်ငံ ဈေးဝယ်အဆောက်အအုံတစ်ခုတွင် ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် လူ ၄၀ ခန့် ဒဏ်ရာရ

**ဗန်ကောက် မေ ၉**

ထိုင်းနိုင်ငံတောင်ဘက်စွန်းပိုင်း ပက်တာနီမြို့လယ်ရှိ လျှော့ဈေးဖြင့်ရောင်းချနေသည့် ဈေးဝယ်စင်တာတစ်ခုတွင် မေ ၉ ရက်က ဗုံးပေါက်ကွဲမှုကြောင့် လူ ၄၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

မေ ၉ ရက် မွန်းလွဲပိုင်းတွင် Big C ဈေးဝယ်စင်တာ၏ ကားပါကင်နေရာနှင့် ဈေးဝယ်စင်တာ အတွင်းပိုင်းတွင် ဗုံးနှစ်လုံး သီးခြားစီ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူအများစုမှာ အသေးစားဒဏ်ရာများ ရရှိခဲ့ကြသော်လည်း နှစ်ဦးမှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိသွားသည်ဟု သိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်းသည် သောင်းကျန်းသူများကြောင့် ဆူပူအုံကြွမှုများ ဖြစ်ပွားနေသည့်ဒေသဖြစ်ပြီး ယခု ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် သောင်းကျန်းသူများ၏ လက်ချက်ဖြစ်မည်ဟု ယူဆရသည်။

ပေါက်ကွဲမှုရှင်းလင်းဖယ်ရှားရေးအဖွဲ့များသည် အသေးစိတ်စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ရှာဖွေမှုများပြုလုပ် လျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**



Big C ဈေးဝယ်စင်တာ၏ ကားပါကင်နေရာတွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

# တရုတ်နိုင်ငံ၏ခေတ်သစ် ပိုးလမ်းမဓာတ်ပုံပြပွဲ ကုလသမဂ္ဂဌာနချုပ်တွင် ဖွင့်လှစ်




**ကုလသမဂ္ဂ မေ ၉**

တရုတ်နိုင်ငံက အကောင်အထည်ဖော်နေသည့် ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း(ခေတ်သစ်ပိုးလမ်းမ)အစီအစဉ်နှင့် ပတ်သက်၍ လတ်တလောရရှိထားသည့် အောင်မြင်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ အနာဂတ်အလားအလာများနှင့်ပတ်သက်၍ လည်းကောင်း ဖော်ပြသည့် ဓာတ်ပုံပြပွဲဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက်က ကုလသမဂ္ဂဌာနချုပ်ရှိ ပြပွဲခန်းမဆောင်၌ ကျင်းပကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက တရုတ်နိုင်ငံ၏ ခေတ်သစ် ပိုးလမ်းမအစီအစဉ်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ၊ အီသီယိုးပီးယားနိုင်ငံ အဒစ္စအဘာဘာမြို့မှ ဂျီဘူတီနိုင်ငံတို့အကြား ဆက်သွယ်နိုင်ရန် တရုတ်ကုမ္ပဏီတစ်ခုက တည်ဆောက်ပေးခဲ့သည့် ရထားလမ်းဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံကဲ့သို့သော သမိုင်းဝင်ဓာတ်ပုံများကို ပြပွဲ၌ ခင်းကျင်းပြသထားသည်။

တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်းအစီအစဉ်သည် နိုင်ငံတကာရှိ ပြည်သူများအား အကျိုးကျေးဇူးရရှိစေမည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး လျူဂျေးယီက ပြောကြားသည်။

ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်းအစီအစဉ်သည် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအစီအစဉ်၏ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိကြောင်း ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အာမီနာမိုဟာမက်က ဓာတ်ပုံပြပွဲဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

**ဆင်ဟွာ။**

■

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီအစည်းအဝေးများ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီအစည်းအဝေးများကို ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ သတ်မှတ်နေရာအသီးသီးတွင် အောင်မြင်စွာ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့၊ အနိုင်ရ နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။



နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပစဉ်။

**အခြေခံမူများ**

နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ အစည်းအဝေးကို သတ်မှတ်နေရာ၌ ကျင်းပရာ ဦးခင်ဇော်ဦးနှင့် ဒေါက်တာလျန်မှုန်းဆာခေါင်းတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ်တင်အောင်၊ ဗိုလ်မှူးချုပ်လှသန်းမောင် **ကိုယ်စား** ဒုတိယဗိုလ်မှူးကြီးဝင်းမြိုင်၊ ဦးဌေးဝင်းအောင်၊ ဦးအောင်လွင်ဦး၊ ဒေါက်တာစိုင်းဦး၊ စောအယ်ကလူစေး၊ စောစံငြိမ်းသူ၊ စောကူးကူး၊ ဦးဇမ်ဇမုန်၊ စိုင်းဘိုးအောင်၊ ဒေါက်တာတူးဂျာနှင့် ဦးအောင်ကြည်ညွန့်တို့က နိုင်ငံရေးဆိုင်ရာ အခြေခံမူများကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**ရွေးချယ်နိုင်ရေး**

ထို့ပြင် **စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးလှမောင်ရွှေနှင့် မင်းကျော်ဇေယျာဦးတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ်သိုက်စိုး၊ မိကွန်ချမ်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စိုင်းလျန်း၊ ခွန်တင်ရွှေဦး၊ ဦးထွန်းနိုင်၊ ဦးသိန်းထွန်းနှင့် ဦးမားကိုစ်တို့က စီးပွားရေးကဏ္ဍသို့တင်သွင်းခဲ့သည့် စာတမ်းရှစ်စောင်ထဲမှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)သို့ တင်သွင်းရမည့် မူဝါဒဆိုင်ရာများကို ရွေးချယ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

**ဆက်လက်ဆွေးနွေး**

အလားတူ **လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးဇော်ဌေး၊ ဦးစိုင်းလနှင့် ဦးနိုင်ငံလင်းတို့က ဦးဆောင်၍ ဗိုလ်ချုပ်နေလင်း၊ ဒေါ်ဇင်မာအောင်၊ ဦးနိုင်ဆွေဦး၊ ဒေါက်တာစန်းစန်းအေး၊ စောဆဲဗွယ်၊ ခွန်သောမက်စ်၊ ဒေါ်အေးသီတာမြင့်၊ ဦးတင်ဆွေ၊ ဦးဆမ်းဆောင်ကားနှင့် ဦးရွှေမင်းတို့က ကရင်ပြည်နယ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ တင်သွင်းလာသည့်စာတမ်းများကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**လုံခြုံရေးဆိုင်ရာ**

အလားတူ **လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဦးမျိုးဝင်းနှင့် တာလှဖေတို့က ဦးဆောင်၍ ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဦးကျော်ကျော်ဟန်၊ ပဒိုစောတာမူလာ၊ ပူးထက်နီ၊ ခွန်ဥက္ကာ၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးစောထွန်းအောင်မြင့်၊ ဦးမြင့်နိုင်နှင့် ဒေါ်နန်းခင်စိန်မြင့်တို့က ကာကွယ်ရေးဆိုင်ရာ အခြေခံမူများနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**ဖက်ဒရယ်စနစ်**

ထို့အတူ **မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးအောင်စိုးနှင့် ခွန်မြင့်ထွန်းတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ်အောင်သိန်းဦး၊ ဦးစိုးဝင်း၊ ဦးဇော်မင်းလတ်၊ ဒေါက်တာဝါဝါမောင်၊ ဦးဆန်နီ၊ စောဒဲနရယ်၊ ဒေါ်ဒွဲဘူ၊ ဦးလှခိုင်၊ ခွန်ထွန်းရွှေနှင့် ဦးအိုက်ဆောတို့က ဖက်ဒရယ်စနစ်နှင့်သက်ဆိုင်သော မြေယာမူဝါဒများကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးများကို မေ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# အမြင်မတူညီတဲ့ အကြံပေးချက်၊ အဆိုပြုချက်တွေကို အားလုံးညှိနှိုင်းပြီးတော့ တူညီအောင်ကြိုးစားပြီး ဆောင်ရွက်ပါတယ်

ဒေါက်တာလျန်မှုန်းဆာခေါင်း

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီအစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ပါဝင်ဆွေးနွေးကြသူများ၏စကားသံများကို တင်ပြလိုက်ရပါသည်။**

**ဒေါက်တာလျန်မှုန်းဆာခေါင်း (နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ)**

နိုင်ငံရေးကဏ္ဍအနေနဲ့ ဆွေးနွေးပွဲက တော်တော်လေး အဆင်ပြေပါတယ်။ ပြီးခဲ့တဲ့ အစည်းအဝေးမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ငါးနေရာမှာ ကျင်းပပါတယ်။ အဲဒီငါးနေရာက တက်လာတဲ့စာတမ်းတွေရော တပ်မတော်က တင်သွင်းတဲ့ စာတမ်းနဲ့ စာတမ်းချုပ်ပေါ်မှာအခြေခံပြီး ကျွန်တော်တို့ ဆွေးနွေးတယ်။ နောက်ပြီး နိုင်ငံရေးပါတီက တက်လာတဲ့စာတမ်းတွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းဆွေးနွေးပါတယ်။ အခြေခံမူတစ်ခုချင်းစီကနေ အကြံပေးချက်တွေ၊ အဆိုပြုချက်တွေက တော်တော်များတယ်။ တချို့နေရာတွေမှာ အမြင်မတူညီတာတွေလည်း ရှိပါတယ်။ အားလုံးညှိနှိုင်းပြီးတော့ တူညီအောင်ကြိုးစားပြီး ဆောင်ရွက်ပါတယ်။ လုပ်ငန်းကော်မတီရဲ့ အကြံပေးချက်တွေကို UPDJC ကို တင်လိုက်ပါတယ်။ လာမယ့် ၁၂ ရက်နေ့မှာ UPDJC အစည်းအဝေးကျင်းပမှာ ဖြစ်ပါတယ်။ နောက်ပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပတဲ့အခါမှာ ဆုံးဖြတ်ချက်တွေထွက်လာပါတယ်။ ထွက်လာတဲ့ဆုံးဖြတ်ချက်တွေကို ကဏ္ဍအလိုက် ခွဲပေးလိုက်တယ်။ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုပြီး ခွဲပေးပြီး ဆွေးနွေးပါတယ်။ ဒီလိုခွဲပြီးတော့ လုပ်ငန်းကော်မတီက စိစစ်ပြီးတော့ အဆိုပြုလွှာအဖြစ်နဲ့ တင်သွင်းမှာဖြစ်ပါတယ်။



ဒေါက်တာလျန်မှုန်းဆာခေါင်း



ဦးလှမောင်ရွှေ



တာလှဖေ

**ဦးလှမောင်ရွှေ(စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းဝေးကျင်းပဖို့ ပြင်ဆင်နေတဲ့အချိန်မှာ စီးပွားရေးကဏ္ဍအနေနဲ့ ကော်မတီဝင် ၁၅ ဦးလုံးက ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့တယ်။ လုပ်ငန်းကော်မတီမှာ တင်သွင်းလာတဲ့ စုစုပေါင်း စာတမ်းရှစ်ခုပေါ်မှာအခြေခံပြီးတော့ ဒီငြိမ်းချမ်းရေးညီလာခံမှာ တင်သွင်းနိုင်ဖို့အတွက် အဆိုပြုချက်တွေကို ဆောင်ရွက်နေပါတယ်။ ဒီနေ့ ညနေပိုင်းမှာတော့ ညီလာခံကို UPDJC ကတစ်ဆင့် တင်သွင်းမယ့် အချက်တွေ ထွက်လာပါလိမ့်မယ်။ အထူးသဖြင့်တော့ လာမယ့် မေလ ၂၄ ရက်နေ့မှာ ပြုလုပ်မယ့် ညီလာခံမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပိုကောင်းမယ့် နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အထောက်အကူပြုမယ့် စီးပွားရေးဆိုင်ရာအချက်တွေကို တင်သွင်းဖို့ လုပ်နေပါတယ်။

ကျွန်တော်တို့ ဒီနေ့သုံးရက်တာ လုပ်နေတာတော့ လုပ်ငန်းကော်မတီရဲ့ အစည်းအဝေးတွေ လုပ်နေတာဖြစ်ပါတယ်။ မနက်ဖြန်မှာ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးတွေ စပါတော့မယ်။ ဒီအတွင်းရေးမှူးအဖွဲ့အစည်းအဝေးတွေကလည်း လက်ရှိအနေအထားတွေကို အားလုံးစုစည်းပြီး ၁၂ ရက်နေ့မှာ ကျင်းပမယ့် UPDJC ခေါင်းဆောင်များအစည်းအဝေးကို ကျွန်တော်တို့ တင်ပြရမှာဖြစ်ပါတယ်။ အဆုံးအဖြတ်ကတော့ UPDJC က နောက်ဆုံးဖြစ်ပြီး ညီလာခံနဲ့ပတ်သက်တဲ့ ဖြေကြားမှုတွေ ဘယ်သူတွေတက်ရောက်မယ်၊ ဘယ်လိုပုံစံနဲ့ ဆွေးနွေးကြမယ်၊ ဘယ်လိုပုံစံနဲ့ အဆုံးအဖြတ်ပေးမယ်ဆိုတာကို မေလ ၁၂ ရက်နေ့မှာ လုပ်မယ့် UPDJC အစည်းအဝေးက နောက်ဆုံး ဆုံးဖြတ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ မျှော်လင့်တာက မေလ ၂၄ ရက်နေ့မှာ ကျင်းပမယ့် ညီလာခံကတော့ ကောင်းမွန်တဲ့ ရလဒ်တွေ ထွက်လာမယ်လို့ ကျွန်တော်ကတော့ တိတိကျကျယုံကြည်ပါတယ်။

**တာလှဖေ(လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ)**

ကျွန်တော်တို့ လုံခြုံရေးလုပ်ငန်းကော်မတီအနေနဲ့က ဆုံးဖြတ်ချက်မူဝါဒရယ်လို့ အတိအကျတင်ပြနိုင်မှာ မဟုတ်သေးပါဘူး။ ကျွန်တော်တို့တင်ပြချက်တွေ ဆွေးနွေးချက်တွေကို မှတ်တမ်းတင်ထားတဲ့ အဆင့်ပဲ ရှိပါသေးတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်ကြားဖူးတဲ့ စကားပုံနဲ့ ပြောရမယ်ဆိုရင်တော့ ခြေလှမ်းစလိုက်တာနဲ့ ပန်းတိုင်ကို ၅၀ ရာခိုင်နှုန်း ချဉ်းကပ်မိပြီဆိုတဲ့ စကားပုံလို့ပဲ သုံးသပ်ချင်ပါတယ်။ ဒီငြိမ်းချမ်းရေး ဖြစ်စဉ်ကို ကိုယ်တိုင်လည်းပါဝင်ပတ်သက်နေတယ်။ အားမရဘူးဆိုပေမယ့် ကျွန်တော်တို့ ရပ်နေတာနဲ့စာရင် လျှောက်နေတဲ့အပေါ်မှာတော့ ဒါဟာ သက်ရောက်မှုတစ်ခုတော့ဖြစ်လာလိမ့်မယ်။ အဲဒီအတွက် ကောင်းကျိုးချမ်းသာတော့ခံစားရလိမ့်မယ်လို့ ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း- အောင်ရဲသွင်၊ မိမွှေးသန့်**

**ဓာတ်ပုံ- အေးသန်း(သတင်းစဉ်)**

# Mr & Miss Yangon Waterboom နောက်ဆုံးအဆင့်ပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ၏ ပထမဆုံး ရေကစားအပန်းဖြေဥယျာဉ်ကြီးဖြစ်သည့် Yangon Waterboom တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် Mr & Miss Yangon Waterboom(M Boomer 2017) ပြိုင်ပွဲနောက်ဆုံးအဆင့် ရွေးချယ်ပွဲကို မေ ၇ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဒေါပုံမြို့နယ်ရှိ အဆိုပါ အပန်းဖြေဥယျာဉ်တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် ဆန်ခါတင်ရွေးချယ်ထားသော Mr အမျိုးသား ၁၅ ဦးနှင့် Miss အမျိုးသမီး ၁၅ ဦးထဲမှ Mr.M Boomer ဆုကို ခါးနံပါတ်(၁) မိုးကောင်းကင်ကလည်းကောင်း၊ Miss M Boomer ဆုကို ခါးနံပါတ်(၁၃) August Moe ကလည်းကောင်းရရှိပြီး ဆုကြေးအဖြစ် ငွေကျပ် ၁၀ သိန်းချီးမြှင့်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် စုစုပေါင်း ဆုအမျိုးအစားကိုးမျိုး ရွေးချယ်ချီးမြှင့်ပြီး ဒိုင်များအဖြစ် အကယ်ဒမီနေတိုး၊ အကယ်ဒမီအိန္ဒြာကျော်ဇင်၊ ဆရာဦးဝင်းငြိမ်း၊ ခင်စန်းဝင်း(မိတ်ကပ်ပညာရှင်)၊ ပေါက်ပေါက်(မိုးကုတ်)၊ မမာလာဝင်း၊ ဦးချိုကြီး၊ သီရိစံ၊ အေးဇော်မိုး(ဓာတ်ပုံ)တို့က အကဲဖြတ်ရွေးချယ်ပေးခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ တောင်ကြီး၊ ရခိုင် အစရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အသက်အရွယ်အားဖြင့်(၁၆) နှစ်မှ (၂၂) နှစ်အထိရှိကြောင်း ပြိုင်ပွဲကိုဖျတ်လတ်တက်ကြွပြီး ကျန်းမာသန်စွမ်းသော မြန်မာလူငယ်ထုကို ကိုယ်စားပြုသည် လူငယ်များပေါ် ထွက်လာစေရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ပြီး တစ်နှစ်တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
|---|---|
| (၁) ဦးတင်ဝင်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး |
| (၂) ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၃) ဦးကိုကိုလွင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (၄) ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

**✪ အမျိုးသားယာဉ်အန္တရာယ်မှ**

National Road Safety Action Plan (2014- 2020)နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ခဲ့မှုများအပေါ် ပြန်လည်သုံးသပ်နိုင်ရန်နှင့် ပိုမိုတိုးတက်အောင်မြင်စေမည့် ရှေ့လုပ်ငန်းစဉ်များ၊ နည်းလမ်းများနှင့် အစီအမံများကို ဖော်ထုတ်နိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) အတွက် ယာဉ်မတော်တဆဖြစ်ပွားမှုများနှင့် အဆိုပါမတော်မဆမှုများကြောင့် ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းသွားစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အဆိုပါဖြစ်စဉ်များ လုံးဝပပျောက်သွားစေရန် စီမံအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူများပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မည့်လုပ်ငန်းဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှုများသည် လွန်စွာကြီးမားသည့် ခြိမ်းခြောက်မှုအဖြစ် တဖြည်းဖြည်းကြီးထွားလျက်ရှိပြီး အဆိုပါကြီးထွားမှုကို ဟန့်တားထိန်းချုပ်နိုင်ရန် ကမ္ဘာတစ်ဝန်းလုံး၌ Road Safety ကိစ္စရပ်ကို အထူးအလေးအနက်ထား ဆောင်ရွက်လာကြပါကြောင်း၊ မြန်မာနိုင်ငံ၌လည်း National Road Safety Action Plan(2014-2020)ကို ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက တစ်ကမ္ဘာလုံးဆိုင်ရာ (Decade of Action For Road Safety 2011-2020) ကိုအကောင်အထည်ဖော်ဆောင်ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု၊ ပိုမိုအန္တရာယ်ကင်းသောလမ်းများနှင့် ယာဉ်သွားလာမှု၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ၊ ပိုမိုအန္တရာယ်ကင်းသည့်လမ်း အသုံးပြုသူများ၊ ယာဉ်တိုက်ခိုက်မှုဖြစ်ပြီးလျှင်ပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု စသည့် မဏ္ဍိုင်ကြီး ငါးရပ်ကို ချမှတ်ထားပါကြောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့်လည်း အဆိုပါ မဏ္ဍိုင်ကြီး ငါးရပ်ကိုအခြေပြု၍ Road Safety လုပ်ငန်းစဉ်များကို ဖော်ထုတ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် လမ်းအသုံးပြုသူများကို လေ့ကျင့်ပညာပေးခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများခိုင်ခိုင်မာမာပြဋ္ဌာန်းခြင်း၊ စည်းကမ်းလိုက်နာရန် တွန်းအားပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းများဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မော်တော်ယာဉ်များအသုံးပြုမှုနှင့် ကြံ့ခိုင်မှုစနစ်တကျစစ်ဆေးကြပ်မတ်ရေးနှင့် လုံခြုံရေးအစီအမံများပြည့်စုံစွာ တပ်ဆင်ရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့အတူ လမ်းဒီဇိုင်းမှန်ကန်ရေး၊ လမ်းများကို စံချိန်စံညွှန်းကိုက်ညီရန် တည်ဆောက်ရေးနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းရေး စသည့်လုပ်ငန်းစဉ်များကို မဖြစ်မနေ မပျက်မကွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီးနှင့် ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ ဖွဲ့စည်းနိုင်ခဲ့ပြီး Action Plan ပါလုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် Road Safety Task Force များကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရှင်းလင်းတင်ပြချက်များအပေါ် အစည်းအဝေးသို့တက်ရောက်လာကြသူများက လေ့လာသုံးသပ်ပြီး အတွေးသစ်၊ အကြံသစ်၊ ဉာဏ်သစ်များကိုအခြေခံကာ နိုင်ငံ၏ပကတိအခြေအနေမှန်နှင့် ကိုက်ညီဆီလျော်သည့် လုပ်ငန်းစဉ်သစ်များဖော်ထုတ်နိုင်ရေးနှင့် အဆိုပါလုပ်ငန်းစဉ်များအောင်မြင်ရန် ထိရောက်လျင်မြန် အောင်မြင်စေနိုင်မည့် နည်းလမ်းကောင်းများရရှိနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း၊ Road Safety နှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေဖြင့် အလေးအနက်ထားကြိုးပမ်းအားထုတ်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးသည် ပြည်သူလူထုပူးပေါင်းပါဝင်မှုသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုကိုအသိပညာပေးစည်းရုံးပြီး ပြည်သူလူထုတက်ကြွနိုးကြားစွာ ပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ အတွင်းရေးမှူးများက ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများက တိုင်းဒေသကြီးနှင့်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက Suu Foundationနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ သုံးသပ်ဖော်ထုတ်ချက်များနှင့် Suu Foundation Report ပါ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် တာဝန်ယူဆောင်ရွက်မည့်ဌာန၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ Road Safety Fund တစ်ရပ်ထူထောင်နိုင်ရန် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းပြီး စနစ်တကျသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့် ကျောင်းသားကျောင်းသူများအား လမ်းအန္တရာယ်အသိပညာပေးနိုင်ရန် သက်ဆိုင်ရာဆပ်ကော်မတီနှင့် ဝန်ကြီးဌာနများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံရေပိုင်နက်ကိုအသုံးချ၍ တရားမဝင်စီးပွားရေးလုပ်ကိုင်မှုများ တားဆီးကာကွယ်ပြီး တရားဝင်စီးပွားရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Na Arreenich အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်စပ်နေသည့် ရေပိုင်နက်အတွင်း လုံခြုံရေးဆိုင်ရာ ပူးပေါင်းလုပ်ဆောင်ရေးနှင့် HADR လုပ်ငန်းများတွင် အတွေ့အကြုံဖလှယ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံရေပိုင်နက်ကို အသုံးချ၍ တရားမဝင်စီးပွားရေးလုပ်ကိုင်မှုများကို တားဆီးကာကွယ်ပြီး တရားဝင်စီးပွားရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ရေး၊ ရေကြောင်းမှ မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး၊ Boat Peopleနှင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရေတပ်ဆိုင်ရာ ဆေးပညာသင်တန်းများ၊ ဘာသာစကား သင်တန်းများနှင့် ချစ်ကြည်ရေးအားကစားပွဲများ လုပ်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ရပ်သံလွှင့်မီဒီယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတရှိ ဟီဂူချိ **(ယာပုံ)**အား ယနေ့ ညနေ ၄ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး Mr. Chen Chen အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ Hinthar Media Corporation Co.,Ltd. မှ CEO ဖြစ်သူ ဦးမင်းဗညားစန်းအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ The Irrawaddy မှ အယ်ဒီတာချုပ် ဦးအောင်ဇော်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။



ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ရုပ်သံလွှင့်မီဒီယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ ရွှေ့လျားစာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် Shanti Volunteer နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ National Institute of Information and Communications Technology (NICT)နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် Machine Translation Project အကောင်အထည်ဖော်ဆောင်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

တရုတ်သံမှူးကြီး Mr. Chen Chenနှင့် တွေ့ဆုံစဉ် တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေးကိစ္စရပ်များ၊ People's Daily သတင်းစာရန်ကုန်ဗျူရိုဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

Hinthar Media Corporation Co.,Ltd.မှ CEO ဦးမင်းဗညားစန်းနှင့် တွေ့ဆုံစဉ် ဗိုလ်ချုပ်မှတ်တမ်းဗီဒီယိုရိုက်ကူးရေးကိစ္စနှင့် ပတ်သက်၍ လည်းကောင်း၊ The Irrawaddy မှ အယ်ဒီတာချုပ် ဦးအောင်ဇော်နှင့် တွေ့ဆုံစဉ် အွန်လိုင်းမီဒီယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

❑

# မြန်မာ့သစ်တောများ အပြည့်အဝအသုံးချရေး - ၁

ဝင်းချစ် (အမျိုးသားစာပေဆုရ)

မြန်မာနိုင်ငံရှိ သစ်တောများတွင် အဖိုးတန်ကျွန်းအပါအဝင် သစ်မျိုးစုံပေါက်ရောက်လျက်ရှိပြီး သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းမျိုးစုံ (Non-Wood Forest Products - NWFP)လည်း ကြွယ်ဝစွာရှိနေပါသည်။ သို့ရာတွင် ယင်းတို့ကို အပြည့်အဝထုတ်လုပ်အသုံးချနိုင်မှု မရှိသေးပါ။

စာရေးသူတို့နိုင်ငံတွင် သစ်ပင်ကြီးမျိုးပေါင်း ၅၀၀ ကျော် ပေါက်ရောက်လျက်ရှိသော်လည်း မြန်မာ့သစ်လုပ်ငန်းက သစ်မျိုး ၈၀ ကျော်ခန့်ကိုသာ ထုတ်လုပ်လျက်ရှိပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ အင်၊ ကညင်စသည့် သစ်မျိုး ၂၀ ခန့်ကိုသာ လူအများအသုံးပြုနေကြပါသည်။ ဖော်ပြပါ သစ်မျိုးများမှလည်း ကျွန်းကိုသာ အများဆုံးအသုံးပြုကြသည်။ လူသုံးနည်းသစ်မျိုးများ (Lesser Used Timber Species - LUS)၊ တစ်နည်းအားဖြင့် လူသိနည်းသော သစ်မျိုးများ (Lesser Known Timber Species - LKS)ဟု ခေါ်ဝေါ်သော သစ်မျိုးများကိုမူ အသုံးပြုမှု အလွန်ပင်နည်းပါသည်။ ထို့ကြောင့် အခြားနိုင်ငံများနှင့်ယှဉ်လျှင် သစ်တောမှ သစ်ထွက်ရှိမှုနှုန်း အလွန်နည်းနေပါသည်။ အလျဉ်းသင့်၍ မလေးရှားနိုင်ငံ သစ်နှင့်သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေကို လေ့လာရန် ဖော်ပြလိုပါသည်။

၂၀၁၁ ခုနှစ်က မလေးရှားနိုင်ငံ၏ သစ်တောဧရိယာသည် ဟက်တာပေါင်း ၁၈ ဒသမ ၂ သန်းရှိပြီး နိုင်ငံရှိ ကုန်းမြေအားလုံး၏ ၅၅ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၀၇ ခုနှစ်က သစ်လုံးကုဗမီတာ ၂၂ သန်းထုတ်လုပ်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ကုဗမီတာ ၂၆ သန်းနှင့် ၂၀၃၅ ခုနှစ်တွင် ကုဗမီတာ ၂၉ သန်း တိုးမြှင့်ထုတ်လုပ်ရန် လျာထားကြောင်း၊ ၂၀၁၁ ခုနှစ်က သစ်နှင့်သစ်အချောထည်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံခန့်ရရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံခန့်ရရှိစေရန် မျှော်မှန်းထားကြောင်း၊ ယင်းပို့ကုန်များမှာ သစ်လုံး ၁၀ ရာခိုင်နှုန်း၊ သစ်ခွဲသား ၁၂ ရာခိုင်နှုန်း၊ ပရိဘောဂ ၃၁ ရာခိုင်နှုန်း၊ အထပ်သား ၂၅ ရာခိုင်နှုန်း၊ သစ်မျှင်ပြား (Fiberboard) ခြောက်ရာခိုင်နှုန်း၊ သစ်မှုန်ပြား (Particleboard) နှစ်ရာခိုင်နှုန်း၊ ပုံဖော်သစ် (Moulding) လေးရာခိုင်နှုန်းနှင့် အခြားအချောထည်များ ၁၀ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရှိရပါသည်။

၁၉၉၈ ခုနှစ်တွင် မလေးရှားနိုင်ငံရှိ သစ်နှင့်သစ်အချောထည်လုပ်ငန်းများကို စာရေးသူလေ့လာခဲ့စဉ်က သစ်တော တစ်ဟက်တာမှ သစ် ၅၁ ဒသမ ၃ ကုဗမီတာ (၁ ဧကလျှင် ၁၁ ဒသမ ၅ ဟိုးပတ်စ်တန်) နှုန်းထွက်ရှိပြီး သစ်လုံးမှ သစ်ခွဲသားနှင့် အခြားသစ်အချောထည်ပစ္စည်းများ၏ ထွက်ရှိမှုနှုန်း (Recovery Percentage) သည် ၆၉ ရာခိုင်နှုန်းခန့်ရှိကြောင်း မှတ်သားထားဖူးပါသည်။ Forest Resource Assessment (FRA) ၂၀၁၅ အရ မြန်မာနိုင်ငံမှ သစ်တောတစ်ဟက်တာ၏ ပျမ်းမျှပေါက်ရောက်မှုထုထည် (Average Growing Stock)သည် ၄၄ ကုဗမီတာခန့်ရှိကြောင်း သိရသည်။ (ရင်စို့လုံးပတ် နှစ်ပေနှင့် အထက်ရှိသော သစ်ပင်များ၏ ထုထည်ဖြစ်သည်။)

အဆိုပါသစ်မျိုးများ လူသုံးနည်းရသော အကြောင်းအရင်း နှစ်ချက်ရှိသည်။ (၁) ညံ့သောကြောင့်၊ (၂) ပေါက်ရောက်မှုနည်းသောကြောင့်ဖြစ်သည်။ ညံ့သည်ဟုဆိုရာ၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်းတို့နှင့် ယှဉ်၍ပြောခြင်းဖြစ်သည်။ အခြားနိုင်ငံများတွင် အသုံးများနေသော ထင်းရှူးကဲ့သို့သော သစ်မျိုးများနှင့် ယှဉ်လျှင် မညံ့ပါ။ သစ်မျိုးတစ်မျိုး ကောင်းသည်၊ ညံ့သည်ဟုဆိုရာ၌ အသုံးပြုမည့် နေရာပေါ်တွင် မူတည်သည်။ အဘက်ဘက်မှကောင်းသော ကမ္ဘာကျော် မြန်မာ့ကျွန်းသည် တိုင်၊ ထုပ်၊ လျောက်၊ ဒိုင်းစသည့် အင်အား (Strength)ကို ဦးစားပေးရမည့်နေရာများတွင် ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းတို့ကို မမီပါ။ ထိုနည်းတူပင် ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းတို့သည်လည်း ပရိဘောဂအနေဖြင့် ပိတောက်ကို မမီပါ။ ထိုသစ်များသည် လုပ်ကိုင်ရ (Workability)ခက်ခဲပြီး အဆင်အသွေးမလှပခြင်းကြောင့် ပိတောက်ကို မမီခြင်းဖြစ်သည်။ အသုံးပြုသင့်သည့်နေရာတွင် အသုံးပြုပြီး သင့်လျော်သော နည်းပညာ (Proper Technique) ဖြင့် ပြုလုပ်မည်ဆိုပါက သုံး၍မရသော သစ်မျိုးဟူ၍မရှိပါ။

ထင်းအဖြစ်သာ လူအများလက်ခံထားသည့် ဘောစကိုင်းနှင့် ပြုလုပ်ထားသော စာရေးခုံ၊ ကုလားထိုင်နှင့် side - table ကို ပုံတွင် ပြထားပါသည်။ သင့်လျော်သော နည်းပညာဖြင့် ပြုလုပ်ထားသောကြောင့် အနှစ် ၂၀ ခန့်ကြာပြီဖြစ်သော်လည်း လိမ်ကောက်ကွဲအက်ခြင်း မရှိပါ။

သဘာဝတရားက စာရေးသူတို့ နိုင်ငံကို အကောင်းမျိုးစုံပေးထားသည်သာမက ပေါများစွာလည်း ပေးထားပြန်ပါသည်။ မြန်မာနိုင်ငံသည် ကျွန်းပေါက်ရောက်သော နိုင်ငံများ၏ ဗဟိုတွင် ကျရောက်နေသောကြောင့် အကောင်းဆုံးကျွန်းများ ပေါများစွာပေါက်ရောက်လျက်ရှိသည်။ လွန်ခဲ့သော အနှစ် ၂၀ ခန့်က သစ်တောသယံဇာတစာရင်းကောက်ယူမှုအရ မြန်မာ့သစ်တောများတွင် ကျွန်းပင် ၁၀၀ ရှိပါက ပျဉ်းကတိုး ၉၁ ပင်၊ သစ်ရာ ၅၆ ဒသမ ၄ ပင်၊ အင်ကြင်း ၇၉ ဒသမ ၂ ပင်ပေါက်ရောက်လျက်ရှိသော်လည်း လူသုံးနည်းသစ်မျိုးများဖြစ်သည့် သဒီ ၇၉ ဒသမ ၂ ပင်၊ သပြေ ၃၉ ဒသမ ၁ ပင်၊ နဘဲ ၂၁ ဒသမ ၁ ပင်၊ ချင်ယုတ် ၁၈ ဒသမ ၅ ပင်၊ ဖန်ခါး ၁၇ ဒသမ ၇ ပင်၊ ရုံး ၁၆ ဒသမ ၁ ပင်၊ ပျဉ်းမ ၁၄ ဒသမ ၅ ပင်၊ ဇောင်းပလေး ၁၃ ဒသမ ၂ ပင်၊ မျောက်ချော ၇ ဒသမ ၄ ပင်၊ မျောက်ငို (သစ်ကဇော်) ၆ ဒသမ ၄ ပင်၊ လယ်စ ၅ ဒသမ ၅ ပင်၊ သစ်မန်ကျည်း ၄ ဒသမ ၇ ပင်၊ စစ် (သစ်ဖြူ) ၁ ဒသမ ၁ ပင်စသည်ဖြင့်သာ ပေါက်ရောက်လျက်ရှိသည်။ ထို့ကြောင့် တရားဝင်သစ်ထုတ်လုပ်သူများရော တရားမဝင်သစ်ထုတ်လုပ်သူများ အားလုံးက တန်ဖိုးကြီးပြီး ဝယ်ယူမည့်သူ ထာဝစဉ်ရှိသည်သာမက တောထဲတွင် အလွယ်တကူတွေ့ရှိနိုင်သော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်းစသည်တို့ကိုသာ ထုတ်ယူလိုကြသည်။ ထိုနည်းတူပင် သုံးစွဲသူများကလည်း ဘိုးစဉ်ဘောင်ဆက်သုံးခဲ့ကြသည့် ကျွန်း၊ ပျဉ်းကတိုးများကိုသာ သုံးလိုကြသည်။ လူသုံးနည်းသစ်မျိုးများ၏ အခြားအားနည်းချက်တစ်ခုမှာ ဆွေးမြည့်လွယ်သဖြင့် (ကျွန်း၊ ပျဉ်းကတိုး . . . နှင့် ယှဉ်လျှင်) ခုတ်လှဲပြီး သစ်လုံးများကို အမြန်သယ်ယူရမည် ဖြစ်သောကြောင့်လည်း ဖြစ်သည်။

ဖော်ပြပါ လူသုံးနည်းသစ်မျိုးများကို တိုးချဲ့အသုံးချရေးအတွက် ရေဆင်း သစ်တောသုတေသနဌာနတွင် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသနှင့် ပတ်သက်သော အဖွဲ့ (International Tropical Timber Organisation-ITTO)၏ အထောက်အပံ့ဖြင့် "မြန်မာ့လူသုံးနည်းသစ်မျိုးများ ကမ္ဘာ့ဈေးကွက်၌ တွင်ကျယ်လာစေရေး စီမံကိန်း"(Introducing Myanmar's Lesser Used Timber Species to the World Market) ကို ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းအရ လူသုံးနည်းသစ် ၅၄ မျိုး၏ သစ်အင်္ဂါဖွဲ့စည်းပုံ (Wood Anatomy)၊ ရူပနှင့် အင်အားဆိုင်ရာ ဂုဏ်သတ္တိများ (Physical and Mechanical Properties)၊ အခြောက်ခံရာတွင် တွေ့ရသည့် စရိုက်လက္ခဏာများ (Drying Behavior)၊ ပေါင်းဖိုဖြင့် အခြောက်ခံရာတွင် အသုံးပြုသင့်သည့် ဇယားများ (Kiln Schedule)၊ ကြာရှည်ခံဆေးသွင်းရ လွယ်ကူမှု (Treatibility)၊ ကြာရှည်ခံနိုင်မှု (Durability)၊ လုပ်ကိုင်ရလွယ်ကူမှု (Workability) စသည်တို့ကို သုတေသနပြုခဲ့ပါသည်။

တွေ့ရှိချက်များပေါ်တွင် အခြေခံလျက် အဆောက်အအုံအတွက် သင့်လျော်သော သစ်မျိုးများ၊ ပရိဘောဂအတွက် သင့်လျော်သည့် သစ်မျိုးများ၊ သစ်ပါးလွှာအတွက် သင့်လျော်သော သစ်မျိုးများစသည်ဖြင့် အသုံးပြုမှုကဏ္ဍအလိုက် သစ်မျိုးများကို အုပ်စုခွဲ၍ ထုတ်ပြန်ပေးခဲ့ပါသည်။ ယင်းထုတ်ပြန်ချက်များပေါ်တွင်မူတည်၍ ပုဂ္ဂလိကလုပ်ငန်းရှင် အနည်းငယ်က ပြတင်းတံခါး ကျည်းဘောင်၊ ပြတင်းတံခါးရွက်နှင့် ပရိဘောဂများ ပြုလုပ်ရောင်းချခဲ့ကြသည်။ သို့ရာတွင် တွင်ကျယ်မှုနည်းခဲ့သည်။ ၎င်းတို့၏ အဓိကအခက်အခဲမှာ ကုန်ကြမ်းများကို စဉ်ဆက်မပြတ်ရရှိရန် ခက်ခဲခြင်းနှင့် မှောင်ခိုသစ်များနှင့် ပြုလုပ်သည့် ပစ္စည်းများကို မယှဉ်နိုင်ခြင်းဖြစ်ကြောင်း ကြားသိရပါသည်။ ကျွန်းတံခါးတစ်ချပ်ကို ငွေကျပ် ၈၀၀၀၀ နှင့် ရောင်းချနေချိန်တွင် လူသုံးနည်းသစ်ဖြင့် ပြုလုပ်ထားသည့် တံခါးကို ငွေကျပ် ၄၀၀၀၀ခန့်ဖြင့် ရောင်းနိုင်မှသာ သုံးစွဲသူများ (Consumer) စိတ်ဝင်စားမည်ဖြစ်ပါသည်။ ငွေကျပ် ၆၀၀၀၀ ခန့်ဆိုလျှင် စိတ်ဝင်စားကြမည် မဟုတ်ပါ။ ထို့ကြောင့် လူသုံးနည်းသစ်မျိုးများ တွင်ကျယ်စေလိုပါက သစ်ကုန်ကြမ်းကို ပေါများစွာနှင့် စဉ်ဆက်မပြတ် (Consistant Flow) ရရှိစေရန်နှင့် မှောင်ခိုသစ်ပပျောက်စေရန် စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

လူသုံးနည်းသစ်မျိုးများ တိုးချဲ့အသုံးပြုစေရန် သုတေသနပြုခြင်း၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်ကဲ့သို့ သစ်မျိုးကောင်းများကိုသာ ထုတ်လုပ်ပြီး လူသုံးနည်းသစ်မျိုးများကို တောထဲတွင် ချန်ထားခဲ့မည်ဆိုပါက သစ်မျိုးကောင်းများ၏ ပါဝင်မှုနှုန်း (Composition) လျော့ကျသွားပြီး လူသုံးနည်းသစ်မျိုးများ၏ ပါဝင်မှုနှုန်းမြင့်တက်လာမည်ဖြစ်ခြင်းကြောင့် လူသုံးနည်းသစ်မျိုးများကိုပါ ထုတ်လုပ်အသုံးချရန်ဖြစ်သည်။

FRA ၂၀၀၅ အရ ၁၉၉၀ ပြည့်နှစ်က ပေါက်ရောက်မှုထုထည်ပမာဏ (Growing Stock)အရ အဆင့် ၁ ရှိသည့် ပျဉ်းကတိုးသည် ၂၀၀၀ ပြည့်နှစ်တွင် အဆင့် ၅ သို့ ကျဆင်းခဲ့ပြီး ၁၉၉၀ ပြည့်နှစ်က အဆင့် ၈ နှင့် အဆင့် ၁၀ တွင် ရှိသည့် လူသုံးနည်းသစ်မျိုးများဖြစ်ကြသည့် သပြေနှင့် သဒီတို့သည် ၂၀၀၀ ပြည့်နှစ်တွင် အဆင့် ၂ နှင့် အဆင့် ၆ သို့ မြင့်တက်ခဲ့သည်။ ကျွန်းသစ်နှင့် သစ်မာမျိုးကောင်းများကို တရားဝင်ရော တရားမဝင်ပါ အများအပြား ထုတ်လုပ်နေကြခြင်းကြောင့် သစ်မျိုးကောင်းများ၏ပါဝင်မှု ဆက်လက်၍ ကျဆင်းနေသည်နှင့်အမျှ လူသုံးနည်းသစ်မျိုးများ၏ ပါဝင်မှု ဆက်လက်၍ မြင့်တက်နေဦးမည် ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ကျွန်းသစ်လုံး ၉၅၉၃ တန်၊ ကျွန်းခွဲသား ၄၃၅၁ တန်နှင့် အခြားသစ်မျိုးများ သစ်လုံး ၂၉၅၁၄ တန်နှင့် သစ်ခွဲသား ၃၃၄၈၈ တန် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိမှတ်သားရပါသည်။ သစ်လုံးမှ သစ်ခွဲသားထွက်နှုန်းကို ပျမ်းမျှ ၅၀ ရာခိုင်နှုန်းဖြင့် တွက်မည်ဆိုပါက သစ်ခွဲသားစုစုပေါင်း ၃၇၈၃၉ တန်ရရှိရန် သစ်လုံး ၇၅၆၇၈ တန်လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် စုစုပေါင်းသစ်လုံး ၁၁၄၇၈၅ တန်နှင့် ညီမျှမည်ဖြစ်သည်။ သစ်မှောင်ခိုများက လုံးပတ်မပြည့်မီသော သစ်ပင်များကိုပါ ခုတ်လှဲကြသဖြင့် သစ်ပင်တစ်ပင်လျှင် သစ်လုံး ၁ တန်ခန့်သာ ထွက်ရှိသည်ဆိုပါက သစ်ပင်ပေါင်း ၁၁၄၇၈၅ ပင်ကို ခုတ်လှဲခံခဲ့ရခြင်းဖြစ်သည်။ ဤကိန်းဂဏန်းသည် ဖမ်းဆီးရမိသော သစ်များအတွက်သာဖြစ်သည်။ ဖမ်းဆီးမရမိဘဲ လွတ်သွားသည့် သစ်များကိုပါ ထည့်တွက်မည်ဆိုပါက ယခုပမာဏ၏ တစ်ဆခွဲခန့်ရှိနိုင်ပါသည်။

သစ်တောများတွင် လူသုံးနည်းသစ်မျိုးများ၏ ပါဝင်မှုအချိုးအစား ပိုများလာသည်နှင့်အမျှ ယင်းတို့၏ သဘာဝမျိုးဆက်မှု (Natural Regeneration) လည်း များပြားမည်ဖြစ်ခြင်းကြောင့် ယခုအတိုင်းသာ ဆက်လက်၍သွားနေမည်ဆိုပါက နောင်တစ်ချိန်တွင် အဖိုးတန်မြန်မာ့သစ်တောများအစား လူသုံးနည်းသစ်မျိုးများကြီးစိုးသော တန်ဖိုးနည်းသစ်တောများအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ ထို့ကြောင့် လူသုံးနည်းသစ်မျိုးများအား ဦးစားပေး၍ ထုတ်လုပ်ရေးနှင့် လူသုံးနည်း သစ်မျိုးများ တွင်ကျယ်စွာအသုံးချနိုင်ရေးအတွက် သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဖက်စပ်နှင့် ပုဂ္ဂလိက သစ်လုပ်ငန်းရှင်များအားလုံး အမြန်ဆုံး စုပေါင်းဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း အကြံပြုရင်း မေ ၁၁ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက စီစဉ်ကျင်းပမည့် "မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းပြပွဲ၂၀၁၇" အား ကြိုဆိုအပ်ပါသည်။ ။



ဘောစကိုင်းဖြင့် ပြုလုပ်ထားသော စာရေးခုံ၊ ကုလားထိုင်နှင့် Side-table

**သစ်တောများတွင် လူသုံးနည်းသစ်မျိုးများ၏ ပါဝင်မှုအချိုးအစား ပိုများလာသည်နှင့်အမျှ ယင်းတို့၏ သဘာဝမျိုးဆက်မှု (Natural Regeneration) လည်း များပြားမည်ဖြစ်ခြင်းကြောင့် ယခုအတိုင်းသာ ဆက်လက်၍သွားနေမည်ဆိုပါက နောင်တစ်ချိန်တွင် အဖိုးတန် မြန်မာ့သစ်တောများအစား လူသုံးနည်း သစ်မျိုးများ ကြီးစိုးသော တန်ဖိုးနည်းသစ်တောများ အဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ ထို့ကြောင့် လူသုံးနည်းသစ်မျိုးများအား ဦးစားပေး၍ ထုတ်လုပ်ရေးနှင့် လူသုံးနည်း သစ်မျိုးများ တွင်ကျယ်စွာ အသုံးချနိုင်ရေးအတွက် သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဖက်စပ်နှင့် ပုဂ္ဂလိက သစ်လုပ်ငန်းရှင်များအားလုံး အမြန်ဆုံးစုပေါင်းဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း။**




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်းတံတား ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဤတံတားသည် မုတ္တမပင်လယ်ကွေ့၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ပင်လယ်ဝကို ဖြတ်သန်းပြီး မော်လမြိုင်မြို့နှင့် ယခင်က တစ်သီးတခြားဖြစ်နေသည့် လူသိထင်ရှား ကျွန်းကြီးတစ်ကျွန်းဖြစ်သော ဘီလူးကျွန်းကို ဆက်သွယ်ပေးသော တံတားတစ်စင်း ဖြစ်ပါကြောင်း၊ ဘီလူးကျွန်းသည် လူဦးရေ တစ်သိန်းနှစ်သောင်းကျော်ရှိပြီး ဧရိယာ ၈၅၈ စတုရန်းကီလိုမီတာခန့်ရှိသည့်အတွက် စင်ကာပူနိုင်ငံထက် ပိုမိုကျယ်ဝန်းသော ကျွန်းကြီးဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူလူထု၏ ကုန်ထုတ်လုပ်မှုများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ခရီးသွားလာရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးစသည့်ကိစ္စများတွင်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ဒေသခံများသာမက တစ်နိုင်ငံလုံးက အသုံးပြုနိုင်သည့်အတွက် ကူးလူးဆက်ဆံမှု လွယ်ကူသည်နှင့်အမျှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်တိုးပွားလာမည်လည်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မြဲစေရန်အတွက် ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ် ပင်လုံစိတ်ဓာတ်ကို စတင်မွေးမြူပေးခဲ့သည့် အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဗိသုကာ တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို သတိရ၊ ဂုဏ်ပြုသောအားဖြင့် အမည်ပေးခြင်းမှာလည်း သင့်လျော်မှန်မြတ်လှပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင်လည်း မိမိနိုင်ငံအတွက် ကိုယ်ကျိုးမဖက်၊ အနစ်နာခံပြီး အသက်ကို ပဓာနမထားသည့် တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့သည့် သူရဲကောင်းများ၊ နိုင်ငံ့ခေါင်းဆောင်များကို မှတ်တမ်းတင် ကမ္ပည်းထိုးပြီး အလေးထားဂုဏ်ပြုနေကြသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် မျိုးချစ်ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ အမည်ကိုဂုဏ်ပြုပြီး တံတားများ အမည်ပေးခဲ့သည်များရှိခဲ့ပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမကို တွေ့မြင်ကြားသိရခြင်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို နိုးကြားစေပါကြောင်း၊ စည်းလုံးညီညွတ်မှုကို ဖြစ်စေပါကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်များ ပေါ်ပေါက်စေပါကြောင်း၊ ရိုးသားတည်ကြည်ဖြောင့်မတ်မှုများကို အတုယူလိုစိတ်ဖြစ်စေပါကြောင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများ စံနမူနာရစေပါကြောင်း၊ လက်ရုံးရည် နှလုံးရည်ဖြင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်စေပါကြောင်း၊ တိုင်းပြည်ကို လက်ဝါးကြီးအုပ် အမြတ်ထုတ် ကိုယ်ကျိုးရှာခြင်းမရှိဘဲ၊ တိုင်းပြည်ပေါ်တွင် မည်သည့်အကျိုးစီးပွားမျှ မခံစားဘဲ တိုင်းပြည်နှင့် လူထုအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်ပေါ်ထွန်းလာအောင် လွတ်လပ်ရေးကို အသက်ပေးပြီး ရယူပေးခဲ့သည့် ကျေးဇူးရှင်ကြီးလည်းဖြစ်ပါကြောင်း၊ ထိုအရာကို သတိတရရှိပြီး နိုင်ငံတော်၏ အနာဂတ်အရေးကို မြော်တွေးကာ အဆိုတင်ခြင်း၊ ထောက်ခံခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ချီးကျူးဂုဏ်ယူပါကြောင်း။



ဗိုလ်ချုပ်အောင်ဆန်းတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မိမိတို့နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ခံစားနိုင်ရေး၊ တန်းတူညီမျှရေး စသည်တို့ကို ပင်လုံစာချုပ်ဖြင့် ပေးအပ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမကို တွေ့မြင်ကြားသိနေသည်နှင့်အမျှ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် ဒီမိုကရေစီလမ်းစဉ်၊ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်လိုသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်၊ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်စေလိုသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ဗိုလ်ချုပ်အောင်ဆန်းရစေလိုသော တန်းတူညီမျှရေးတို့အား တိုင်းရင်းသားများကို မမေ့မပျောက် သတိရစေမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအားလုံး အာသာဆန္ဒပြင်းပြနေသည့် ဖက်ဒရယ်ပြည်ထောင်စုအရေး၊ ဒီမိုကရေစီအရေးများ မမေ့မလျော့စေရန် တိုင်းရင်းသားများအရေးကို ဦးစားပေးရည်ရွယ်ခြင်းဖြစ်သည်ကို နားလည်ပေးစေလိုပါကြောင်း။

ယနေ့အချိန်အခါတွင် ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ်၊ မူဝါဒနှင့် ရည်ရွယ်ချက်များ အကောင်အထည်ပေါ်ရေး၊ တိုင်းရင်းသားများ နှစ်ရှည်လများ လိုလားတောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးစသည်တို့အတွက် သမီးဖြစ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ပြုလုပ်လျက်ရှိသည့် ကြုံတောင့်ကြုံခဲကာလလည်းဖြစ်ပါကြောင်း။

အထက်ပါအကြောင်းအချက်များနှင့် ယခုကဲ့သို့ အချိန်အခါကောင်း၊ အခြေအနေကောင်းတွင် ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် တိုင်းရင်းသားများအားလုံးကို ကိုယ်စားပြုသည့် ကမ္ဘာက ချီးကျူးဂုဏ်ပြုလေးစားခြင်းခံရသော တိုင်းရင်းသားများ၏ နှလုံးသားထဲတွင် ကမ္ပည်းထိုးထားခြင်းခံရသည့် ဗိုလ်ချုပ်အောင်ဆန်း၏ အမည်က ပိုမိုကျယ်ပြန့်ပြီး အဓိပ္ပာယ် လေးနက်လှပါကြောင်း၊ လေးစားဂုဏ်ပြုထိုက်သူကို လေးစားဂုဏ်ပြုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သကဲ့သို့ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ခြင်းမှာလည်း မင်္ဂလာတရားတော်နှင့်အညီ ဖြစ်ပါကြောင်း။

ထို့ကြောင့် နောက်နောင်တွင်လည်း ပြည်သူများအသုံးပြုနိုင်ရန် တံတားအမည်များကို မြစ်ကို အခြေခံ၍လည်းကောင်း၊ ဒေသကိုအခြေခံ၍လည်းကောင်း၊ နိုင်ငံ့သူရဲကောင်းကြီးများကို လည်းကောင်း၊ နိုင်ငံတော်၏ ထူးချွန်ပြောင်မြောက်သည့် ခေါင်းဆောင်များကို လည်းကောင်း၊ အခြေအနေအချိန်အခါအရ ထူးခြားသည့် ဝိသေသများရှိပါက လိုအပ်သကဲ့သို့ ဂုဏ်ပြုကမ္ပည်းထိုးပေးသင့်ပါကြောင်း၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးကို ဦးတည်ကြိုးပမ်းကြပါဟု ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဤတံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဘီလူးကျွန်းနေ ဒေသခံပြည်သူများ၏ အိပ်မက်ကိုအကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)သည် သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်ခဲ့သည့် ကိုးစင်းမြောက်တံတားဖြစ်ပြီး မွန်ပြည်နယ်အတွက် ဒုတိယမြောက် တံတားကြီးလည်းဖြစ်ပါကြောင်း၊ မော်လမြိုင်နှင့် ဘီလူးကျွန်းဒေသချောင်းဆုံမြို့ကို ဆက်သွယ်ထားသည့် အထင်ကရ Land Mark တံတားကြီးတစ်စင်းလည်းဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ သို့** ❖



**ဗိုလ်ချုပ်အောင်ဆန်းတံတားပေါ်တွင် ယာဉ်များဖြတ်သန်းသွားလာနေကြစဉ်။** (သတင်းစဉ်)

# ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)ဖွင့်ပွဲမှ ပြည်သူတို့၏ ရင်တွင်းပီတိစကားသံများ

**မော်လမြိုင် မေ ၉**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)ကို ၈. ၂. ၂၀၁၅ ရက်နေ့မှစ၍ စတင်ဆောက်လုပ်ခဲ့ပြီး ၃၀. ၄. ၂၀၁၇ ရက်နေ့တွင် တည်ဆောက်ပြီးစီး၍ မေ ၉ ရက် နံနက် ၈ နာရီတွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့သဖြင့် ပြည်သူများ၏ရင်တွင်းပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။

**ဆရာမကြီးဒေါ်ကြည်ဝင်း(မြို့နယ်ပညာရေးမှူး)မော်လမြိုင်**

အခုလို ဗိုလ်ချုပ်အောင်ဆန်းတံတားကြီးကို နိုင်ငံတော်က ဆောက်လုပ်ပေးခဲ့တဲ့အတွက် ဒေသခံပြည်သူတွေနဲ့အတူ ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီတံတားကြီးမရှိတုန်းက နွေ၊ မိုး၊ ဆောင်း တစ်ဖက်ကမ်းနှင့်တစ်ဖက်ကမ်းကို စက်လှေတွေနဲ့ အချိန်ကြာမြင့်စွာ သွားလာခဲ့ရပါတယ်။ အခုဆိုရင် အချိန်အနည်းငယ်အတွင်း မည်သည့်ယာဉ်မဆို တံတားကြီးပေါ်ကနေ လိုရာခရီးကို မြန်မြန်ဆန်ဆန် သွားရောက်နိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ နောင်ဆိုရင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေ တိုးတက်လာမယ်၊ မျက်စိပွင့်၊ နားပွင့် ဖြစ်လာမယ်ဆိုတာကို ဗေဒင်မေးစရာမလိုအောင် ကျွန်မယုံကြည်ပါတယ်။

**ဦးကြည်စိုး(ကုန်ရောင်းကုန်ဝယ်)ရန်ကုန်မြို့**

ဗိုလ်ချုပ်အောင်ဆန်းတံတားကြီးကို အခုလို နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးလိမ့်မယ်လို့ မထင်ထားပါဘူး။ အခုလို ဆောက်လုပ်ပေးလိုက်တော့ အိပ်မက်မက်နေသလိုခံစားမိပါတယ်။ ဝမ်းလည်းဝမ်းသာမိပါတယ်။ ကျွန်တော်ဝမ်းသာပီတိဖြစ်နေသလို ဒေသခံပြည်သူတွေလည်း ဝမ်းသာပီတိဖြစ်နေမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ တံတားကြီးဖွင့်လိုက်ပြီဆိုတော့ ဒေသခံပြည်သူတွေရော ကျွန်တော်တို့ပါ ဖြတ်သန်းသွားလာရေး ပိုမိုအဆင်ပြေသွားပြီး ရောင်းဝယ်ဖောက်ကားမှုမှာလည်း အရင်ကထက်ပို၍ တိုးတက်လာမယ်၊ အရောင်းအဝယ်ဈေးကွက်တွေ ကောင်းလာမယ်။ ဒါဟာ နိုင်ငံတော်ရဲ့ကျေးဇူးတွေပါ။ တံတားနာမည်က အဓိကမကျပါဘူး။ ဘယ်လိုနာမည်ပေးပေး မကျေနပ်စရာလည်းမရှိပါဘူး။ အခုလို သွားလာရေးလွယ်ကူပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုက အဓိကပါ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနာမည်ကိုပေးတော့ ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူလို့မဆုံးဖြစ်မိပါတယ်။

**စောဗိုလ်စိန်ဦး(ကရင်စာပေယဉ်ကျေးမှုကော်မတီတွဲဖက်အတွင်းရေးမှူး) မော်လမြိုင်**

အခုလို မော်လမြိုင်မြို့မှာ ဒီတံတားကြီးကို ဆောက်လုပ်ပေးလိုက်တဲ့အတွက် သွားရေးလာရေး၊ ဒေသဖွံ့ဖြိုးရေးလည်း တကယ်ကောင်းလာပါတယ်။ ကျွန်တော်တို့ဆို သွားရေးလာရေးခက်ခဲတဲ့တောမှာ နေခဲ့ရတယ်။ မိုးတွင်းဆို မိုးနဲ့၊ လေနဲ့ သွားရေးလာရေးခက်ခဲတဲ့ဒေသမှာ နေခဲ့ရတာကြောင့် အခုလို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေမယ့် တံတားကြီးကို ဖွင့်ပေးလိုက်တဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာဆိုရင် ဂျိုင်းတံတား၊ အတ္ထရံတံတားတွေကို အရင်က တံတားပေါ်မှာ ညဘက်ပေးမဖြတ်ပါဘူး။ တံတားကြီးရှိလျက်နဲ့ အခက်အခဲနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တစ်ဦးတည်းအမြင်ကို ပြောရရင် တံတားကြီးနာမည်ပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ဘာခံစားချက်မှမရှိပါဘူး။

**စောအောင်မြင့်ခိုင်(ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)မွန်ပြည်နယ်**

တံတားကြီးဖွင့်လိုက်တဲ့အတွက် ဒေသခံပြည်သူတွေ စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာစေဖို့ အထောက်အကူပေးမယ့် အဓိကကျတဲ့ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ နိုင်ငံ့ခေါင်းဆောင်ကြီးဖြစ်လို့ တံတားအမည်ပေးမှုနဲ့ပတ်သက်ပြီး အငြင်းပွားစရာမရှိပါဘူး။ သင့်တော်တဲ့အမည်ပေးမှုလို့ပဲမြင်ပါတယ်။

**နိုင်စံလှိုင်(မွန်အမျိုးသားပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြန်ကြားရေးတာဝန်ခံ)**

ဒီတံတားဖွင့်ပွဲကို ကျွန်တော်တို့ပါတီအနေနဲ့ လုံးဝမလာပါဘူး။ အခြားမွန်စစ်စစ်အဖွဲ့အစည်းတွေလည်း မလာလောက်ပါဘူး။ ဖွင့်ပွဲက အဓိကပြဿနာမဟုတ်ပါဘူး။ တံတားနာမည်ပေးတာက အဓိကပြဿနာပါ။

**နိုင်သောင်ညွန့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)မော်လမြိုင်**

ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)ကို အောင်အောင်မြင်မြင်နဲ့ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ရင်ထဲမှာ အတိုင်းအဆမရှိ ဝမ်းသာမိပါတယ်။ တံတားကြီး ဖွင့်ပြီးသွားတဲ့နောက်ပိုင်းမှာတော့ ကျွန်တော်တို့က ကျွန်းတွေနဲ့ စက်မှုတိုးတက်ရေးတွေကိုလုပ်ပေးဖို့ အစီအစဉ်ရှိပါတယ်။ တံတားနာမည်က အရေးမကြီးပါဘူး။ အဓိကက နောင်လာမယ့် အနာဂတ်လူငယ်တွေအတွက် ဗိုလ်ချုပ်ရဲ့စိတ်ထားတွေ၊ လုပ်ရပ်တွေကို သိရှိစေဖို့ ဗိုလ်ချုပ်အောင်ဆန်းတံတားလို့ နာမည်ပေးရခြင်းဖြစ်ပါတယ်။

**ဦးဇော်ထွန်း(ပအိုဝ်းတိုင်းရင်းသား)နောင်ကုလားကျေးရွာ**

အခုလို ဒီတံတားကြီးဖြစ်ပေါ်လာတာဟာ ကျွန်တော်တို့ အိပ်မက်မက်သလိုခံစားမိတယ်။ တအားလည်းပျော်မိတယ်။ ဝမ်းသာပီတိလည်းဖြစ်ရတယ်။ တံတားကြီးဖွင့်ပွဲအတွက် ကျွန်တော်တို့ကိုဖိတ်ကြားတော့ ရင်ထဲမှာ မဖော်ပြနိုင်အောင်ခံစားမိတယ်။ တကယ်လို့များ ဖိတ်ကြားမခံရဘူးဆိုရင်လည်း ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားတွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တံတားကြီးဖွင့်ပွဲကို လာရောက်ကြဖို့ ရည်ရွယ်ချက်ရှိပြီးသားပါ။ အခုဆိုရင် ဒေသခံပြည်သူတွေ စက်လှေနဲ့သွားရတဲ့ဒုက္ခက လွတ်မြောက်ပြီး တံတားကြီးပေါ်ကနေ မော်တော်ယာဉ်တွေနဲ့ သွားလိုတဲ့ခရီးကို အချိန်တိုတိုအတွင်းမှာ သွားရောက်နိုင်ကြမှာဖြစ်လို့ ကျွန်တော်တို့လိုပဲဒေသခံပြည်သူတွေက ပိုပြီး ပီတိဖြစ်ဝမ်းသာနေမှာပါ။ မကြာခင်အချိန်မှာ ဒေသခံပြည်သူတွေ စီးပွားရေး၊ ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်လာလိမ့်မယ်လို့ ကျွန်တော်မြင်မိပါတယ်။

**ဦးမျိုးဆက်(ဒေသခံတစ်ဦး)ချောင်းဆုံမြို့**

အခုလို တံတားကြီးဖွင့်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့ ချောင်းဆုံမြို့မှာရှိတဲ့ ပြည်သူတွေ ဘယ်လိုဝမ်းသာနေကြသလဲဆိုတာ ပြောတောင် မပြောပြတတ်တော့ပါဘူး။ နီးလျက်နဲ့ဝေးနေတဲ့ဒေသတစ်ခုကို ရေလမ်းခရီးနဲ့ နှစ်ပေါင်းများစွာ အန္တရာယ်ကြားက သွားလာခဲ့ရတယ်။ အခုဆိုရင် အန္တရာယ်ကင်းဝေးပြီး လိုရာခရီးကို တံတားကြီးပေါ်က ၂၄ နာရီ ဖြတ်သန်းသွားလာလို့ရတဲ့အတွက် ဖော်မပြနိုင်တဲ့ ဝမ်းသာခြင်းမျိုးပါ။ အရင်ကဆိုရင် ကျန်းမာရေးမကောင်းလို့ ဆေးရုံကိုပို့ချင်ရင် ဆေးရုံကို အချိန်မီမရောက်နိုင်တဲ့အတွက် အသက်တွေဆုံးရှုံးခဲ့ရတယ်။ တံတားကြီးဆောက်ပေးလိုက်တဲ့ အကျိုးကျေးဇူးကြောင့် ဒီလိုဒုက္ခတွေ မခံစားရတော့ပါဘူး။ ဒါကြောင့် တံတားနာမည်က အဓိကမဟုတ်ပါဘူး။


ဆရာမကြီး ဒေါ်ကြည်ဝင်း


ဦးကြည်စိုး


စောဗိုလ်စိန်ဦး


စောအောင်မြင့်ခိုင်


နိုင်သောင်ညွန့်


ဦးဇော်ထွန်း


ဦးမျိုးဆက်


မဗွန်လေးနွယ်

အချိန်နဲ့တစ်ပြေးညီ လိုရာခရီးကို မြန်မြန်ဆန်ဆန်သွားလာနိုင်ဖို့က အဓိကပါလို့ ပြောချင်ပါတယ်။

**မဗွန်လေးနွယ်(ပထမနှစ်)မော်လမြိုင်**

ကျွန်မ တံတားကြီးဖွင့်ပြီးတော့ ချောင်းဆုံမြို့ကို ရောက်ခဲ့ပါတယ်။ တံတားကြီးဖွင့်လိုက်လို့ ချောင်းဆုံမြို့ဟာ သွားလာလို့ ကောင်းလာတာကိုလည်း တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မတို့ပြည်သူတွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ လိုက်နာကြဖို့လည်း အရေးကြီးပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် လမ်းညွှန်ဆိုင်းဘုတ်များ၊ အန္တရာယ်ကွေ့ဆိုင်းဘုတ်များကို ယာဉ်မောင်းတွေမြင်သာအောင် စိုက်ထူပေးဖို့ ပြောချင်ပါတယ်။ နောက်ဆုံးအနေနဲ့ ပြောချင်တာက ချောင်းဆုံဒေသခံပြည်သူတွေရော တံတားကြီးပေါ်က ဖြတ်သန်းမောင်းနှင်ကြတဲ့ ယာဉ်မောင်းတွေရော တံတားကြီးရဲ့ လှပခိုင်ခံ့မှုကို အကျည်းမတန်အောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ထိန်းသိမ်းကြပါလို့ ပြောချင်ပါတယ်။

**မြတ်မွန်ထွေး၊**
**တင်ထွန်း(မော်လမြိုင်)**

❖ စာမျက်နှာ ၈ မှ

အနာဂတ်ကာလတွင် ဘီလူးကျွန်းဒေသသည် ဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်လင်းလာပြီး ပင်လယ်ဆိပ်ကမ်းနှင့် ဆက်စပ်ကုန်ထုတ်လုပ်မှု၊ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ တိုးတက်ထွန်းကားလာပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်စပ်ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ပါကြောင်း။

၎င်းတံတားသည် နိုင်ငံတော်အစိုးရသစ်လက်ထက် မွန်ပြည်နယ်တွင် ပထမဆုံးဖွင့်လှစ်လိုက်သည့် တံတားဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ နည်းပညာအရ တည်ဆောက်မှုစနစ်ဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ Quality Management System ဖြင့် တည်ဆောက်ထားခြင်း၊ ပြည်သူများ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးအတွက် တံတားခံနိုင်ရည်စမ်းသပ်မှု Load Test များ ပြုလုပ်ခြင်း၊ Fit for Service ဖြစ်အောင် စနစ်တကျဆောင်ရွက်ပြီး ယနေ့တွင် တရားဝင်စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) ဖွင့်လှစ်ပေးခြင်းနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် သွားလာရေးလွယ်ကူအဆင်ပြေသည့်အပြင် ကုန်စည်စီးဆင်းမှုများလည်း မြန်ဆန်လာမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)ကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းမြင့်မွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)သည် အရှည် ၁၅၈၆ မီတာ (၅၂၀၄ ပေ) တစ်မိုင်နီးပါးရှိသည်။ တံတားကို Steel Box Girder , Steel Truss (Arch Type), Steel Plate Girder များ နိုင်ငံတကာအဆင့်မီ အသုံးပြု၍ မြန်မာအင်ဂျင်နီယာများက မြန်မာနိုင်ငံ တံတားတည်ဆောက်ရေးတွင် တစ်ကြိမ်မျှ မသုံးဖူးသေးသော နိုင်ငံတကာအဆင့်မီ တည်ဆောက်ရေးနည်းစနစ်များကို ကျွမ်းကျင်စွာအသုံးပြု၍ ခေတ်မီစက်ယန္တရားများဖြင့် ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် အလေးထားတည်ဆောက်ထားသည့် အရည်အသွေးပြည့်မီသည့် တံတားကြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) တံတားပြတိုက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ်၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ တံတားတည်ဆောက်ရေးစီမံကိန်းမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များသည် ပြတိုက်အတွင်း ပြသထားသည့် တံတားတည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းများ၊ တံတားဘိုးပိုင်တူးရာတွင် အသုံးပြုသည့် စက်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများ၊ တံတားတည်ဆောက်ပုံအဆင့်ဆင့်ပုံစံငယ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ တံတားတည်ဆောက်ရေးလုပ်ငန်း စံချိန်စံညွှန်းပြည့်မီရန် အရည်အသွေးစစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံများ၊ တံတားကြီးအား လေ့လာရေးခရီးလာရောက်သည့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန် ဗီဒီယိုပြခန်းထားရှိမှု၊ တံတားအနီး ပြည်သူများ အပန်းဖြေနားနေနိုင်ရန် ပန်းခြံထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

# ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတရှိုဟီဂူချီနှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံအနာဂတ်အတွက် ရေရှည်အကျိုးဖြစ်ထွန်းနိုင်မည့် ကဏ္ဍများ၏ အလားအလာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကိုကိုနိုင်၊ ဦးစံရွှေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတရှိုဟီဂူချီတို့ တွေ့ဆုံစဉ်။
(သတင်းစဉ်)

# ပဲခူးမြို့ သန္တိသုခ ဗုဒ္ဓဝေယျာဝစ္စနှင့် သာသနာပြုအသင်းကြီး၏ နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ပဲခူး မေ ၉**

ပဲခူးမြို့ သန္တိသုခဗုဒ္ဓဝေယျာဝစ္စနှင့် သာသနာပြုအသင်းကြီး၏ (၁၂)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရွှေသာလျောင်းဘုရားဝင်း သုဝဏ္ဏရွှေဘုံဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ဂုဏ်ထူးဆောင် ကိုးဘွဲ့ရဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရက အဖွင့်အမှာစကားချီးမြှင့်သည်။ ထို့နောက် နိုင်ငံတော်သံဃ မဟာနာယက ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ အဂ္ဂမဟာမုနိန္ဒာဘိဝံသက သြဝါဒကထာ ချီးမြှင့်သည်။ ဆက်လက်၍ သြဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အသင်းကြီး၏ ဗဟိုနာယက သီရိသုဓမ္မသိင်္ဂီ ဒေါ်လှကြည်က ဝမ်းမြောက်ကြောင်းစကား လျှောက်ထားခဲ့သည်။ ထို့နောက် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးမင်းဟိဏ်းဇော်က ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပွဲတော်ကို မေ ၉ ရက်မှ ၁၃ ရက်ထိ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း၊ ကလေးအထူးတရားပွဲ၊ လူငယ်စွမ်းရည်မြှင့်အင်္ဂလိပ်စာသင်တန်း၊ ဆရာ ဆရာမများ သင်ကြားမှုစွမ်းရည်မြှင့်သင်တန်းနှင့် ကလေးစာပေပွဲတော်ကို ပူးတွဲကျင်းပရာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးများ ပျော်ရွှင်စေရေး၊ ဉာဏ်စွမ်းရည်တိုးတက်မြှင့်မားရေးအတွက် အရုပ်ဆက်ခြင်း၊ စကားပုံဆက်ခြင်း စသည့် ကစားနည်းများဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ❒ မုတ္တမပင်လယ်ကွေ့မှ

ရေဝပ်ဒေသများ ပျောက်ဆုံးသွားသည်ကို ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention on Biological Diversity)မှ ရေဝပ်ဒေသ ၁၀၀၀ အား နမူနာလေ့လာမှုအရ တွေ့ရှိခဲ့သည်။ သုတေသနအရ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ရေချိုမျိုးစိတ် ၇၆ ရာခိုင်နှုန်း ပျောက်ကွယ်သွားသည်ကို တွေ့ရှိခဲ့သည်။ မြန်မာ့ရေဝပ်ဒေသများသည်လည်း ရေရှည်အကျိုးမပြုသည့် ရေထုတ်ယူသုံးစွဲခြင်း၊ စိုက်ပျိုးမြေများ ကျူးကျော်ချဲ့ထွင်ခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်းနှင့် ဒေသမျိုးရင်းမဟုတ်သည့် မျိုးစိတ်များ နေရာအနှံ့တိုးချဲ့ဝင်ရောက်လာခြင်း စသည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပြီး ၎င်းတို့မှထောက်ပံ့ပေးနိုင်သည့် လူ့ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေလျက်ရှိသည်။

မြန်မာနိုင်ငံသည် မိမိနိုင်ငံရှိ ရေဝပ်ဒေသများကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention) အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၅ ခုနှစ်တွင် ဝင်ရောက်ခဲ့သည်။ ရေပျော်ငှက်များ ကျက်စားရာ ကမ္ဘာ့ရေဝပ်ဒေသများ ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ရေးအတွက် ၁၉၆၀ ပြည့်နှစ်များမှ စတင်ဆွေးနွေးခဲ့သော ရမ်ဆာကွန်ဗင်းရှင်းသည် ကမ္ဘာတွင် အရင်ဦးဆုံးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီမှုတစ်ခုဟု ဆိုနိုင်သည်။ ထိုဆွေးနွေးမှုများအရ ၎င်းကွန်ဗင်းရှင်းကို ၁၉၇၁ ခုနှစ် အီရန်နိုင်ငံ ရမ်ဆာမြို့၌ အတည်ပြုနိုင်ခဲ့သည့်အတွက် ရမ်ဆာကွန်ဗင်းရှင်းဟု အမည်ပေးခဲ့သည်။

၎င်းကွန်ဗင်းရှင်းသည် ရေဝပ်ဒေသများအား အမြော်အမြင်ရှိရှိ အသုံးချခြင်းဖြင့် ကာကွယ်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုတစ်ခုဖြစ်သည်။ ထိုကွန်ဗင်းရှင်းမှတစ်ဆင့် နိုင်ငံတကာအဆင့် အရေးပါသည့် ရေဝပ်ဒေသသတ်မှတ်နိုင်ရေးအတွက် စံချိန်စံညွှန်းများကို ချမှတ်ထားရှိခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများမှ ထိုစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ရေဝပ်ဒေသများကို ဖော်ထုတ်၍ ရမ်ဆာဒေသ (Ramsar Site)အဖြစ် တရားဝင်သတ်မှတ်ရပါသည်။ ရမ်ဆာဒေသအဖြစ် အသိအမှတ်ပြုထားသည့်ဒေသများကို ထိုဒေသအားမှီခိုနေကြသည့် ဒေသခံများနှင့် ပူးပေါင်းကာ ထာဝစဉ်တည်တံ့စေသော အသုံးပြုမှုပုံစံဖြင့် စီမံအုပ်ချုပ်သွားမည်ဟုလည်း ကတိကဝတ်ပြုထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။

ယခုအခါ ကမ္ဘာပေါ်ရှိ ရေဝပ်ဒေသ ၂၂၀၀ ကျော်အား ရမ်ဆာ ရေဝပ်ဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများကို ရမ်ဆာဒေသများအဖြစ် သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၁၇ ခုနှစ် မေ ၁၀ ရက်တွင်လည်း မုတ္တမပင်လယ်ကွေ့ဒေသ၏ မြောက်ဘက်အပိုင်းကိုလည်း မြန်မာနိုင်ငံ၏စတုတ္ထမြောက် ရမ်ဆာဒေသအဖြစ် သတ်မှတ်ခဲ့သည်။ မေ ၁၀ ရက်သည် ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ (World Migratory Bird Day) လည်းဖြစ်သည်။ ဧရိယာအားဖြင့် ၄၅၀၀၀ ဟက်တာခန့် ကျယ်ဝန်းသော ၎င်းရမ်ဆာဒေသသည် မွန်ပြည်နယ် စစ်တောင်းမြစ်ဝမှစ၍ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ် အရှေ့ဘက် မြစ်ဝှမ်းဒေသကမ်းခြေတစ်လျှောက် ကျယ်ပြန့်သည်။ ၎င်းဒေသသည် ရမ်ဆာမှ သတ်မှတ်ထားသည့် ရမ်ဆာရေဝပ်ဒေသစံချိန်စံညွှန်း (၉)ချက် အနက် (၆)ချက် ကိုက်ညီသောဒေသဖြစ်သည်။

မုတ္တမပင်လယ်ကွေ့ဒေသသည် ကမ္ဘာပေါ်ရှိ မြစ်ဝှမ်းများအနက် အလွန်တရာမှ သက်ဝင်လှုပ်ရှားပြောင်းလဲနေသော မြစ်ဝှမ်းဒေသတစ်ခုဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိ ရွှံ့ညွန်ထူထပ်သည့် လတာပြင်များအနက် အကြီးမားဆုံးသော လတာပြင်တစ်ခုဖြစ်သည်။ ၎င်းသို့ တစ်မူထူးခြားနေသည့် အတွက်ကြောင့်လည်း ကမ္ဘာ့အဆင့် တန်ဖိုးထားထိန်းသိမ်းကာကွယ်ရမည်ဖြစ်သည်။

ရန်ကုန်၊ သံလွင်နှင့် စစ်တောင်းမြစ်တို့မှ အနည်အနှစ်များနှင့် အာဟာရဓာတ်များရရှိသည့် ၎င်းပင်လယ်ကွေ့ဒေသသည် ကျောရိုးမဲ့သတ္တဝါများပေါကြွယ်ဝစေကာ ဆောင်းခိုငှက် တစ်သိန်းခွဲခန့်ကို အစာရေစာပေးဝေနိုင်ပါသည်။ ၎င်းပင်လယ်ကွေ့ဒေသသည် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် ရေညှောင့်နှုတ်ဝိုင်းငှက်များ ဆောင်းခိုရာ ကမ္ဘာ့အရေးကြီးဆုံးသော နေရာများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းဒေသသည် ရေညှောင့်နှုတ်ဝိုင်းငှက် တစ်ကမ္ဘာလုံး ကောင်ရေတစ်ဝက်ခန့်ကို ဆောင်းခိုခွင့်ပြုသည့်နေရာဖြစ်သည့်အပြင် ရေလုပ်သားထောင်ပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းကို အထောက်အပံ့ပေးသော နေရာတစ်ခုလည်းဖြစ်သည်။

သို့သော်ငြားလည်း မုတ္တမပင်လယ်ကွေ့ဒေသသည် ခြိမ်းခြောက်မှုပေါင်းစုံနှင့် ရင်ဆိုင်နေရသည့်အခြေအနေသို့ ရောက်ရှိနေသည်။ တရားမဝင် သေးငယ်သည့် ငါးဖမ်းပိုက်များအသုံးပြု၍ ငါးအရွယ်ပေါင်းစုံသာမက သားပေါက်များကိုပါ အလွန်အကျွံဖမ်းဆီးမှုများကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၁၀ နှစ်ကျော်ခန့်မှစတင်၍ ငါးဖမ်းဆီးရရှိမှုအခြေအနေမှာလည်း ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့သည်။ ထို့အတွက်လည်း တစ်နိုင်တစ်ပိုင် ရေလုပ်သားများအနေဖြင့် အခြားလုပ်ငန်းကို ပြောင်းလုပ်ရခြင်းနှင့် ရွှေ့ပြောင်းလုပ်သားအဖြစ် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေရသည်။ ၎င်းသို့ ငါးသယံဇာတလျော့နည်းကျဆင်းလာမှုများအား အချိန်မီအရေးယူကိုင်တွယ်ဖြေရှင်းခြင်းမပြုနိုင်ပါက ၎င်းကမ်းရိုးတန်းဒေသ၏ ငါးဖမ်းဆီးရရှိမှုနှင့် စီးပွားရေးအခြေအနေမှာလည်း ပိုမိုကျဆင်းလာလိမ့်မည်ဖြစ်သည်။ ထို့အတူ ဖမ်းဆီးမှုများကြောင့် ဆောင်းခိုငှက်များမှာလည်း ခြိမ်းခြောက်ခံနေရလျက်ရှိသည်။

၎င်းရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် ဒေသခံများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် Swiss Agency for Development and Cooperation (SDC) ၏ အထောက်အပံ့ဖြင့်ဆောင်ရွက်နေသည့် "မုတ္တမပင်လယ်ကွေ့ဒေသ ရပ်ရွာအခြေပြုကမ်းရိုးတန်း စီမံခန့်ခွဲမှုစီမံချက်"ကို အကောင်အထည်ဖော်နေသည့် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)တို့မှ အကြံပြုဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့၏ အဆိုပြုခြင်းအရသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။ ၎င်းစီမံကိန်းမှ မုတ္တမပင်လယ်ကွေ့အား ရေရှည်တည်တံ့စွာ အမြော်အမြင်ရှိရှိ အသုံးချရေးမူနှင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲခြင်းကို ပံ့ပိုးပေးလျက်ရှိသည်။

၎င်းရမ်ဆာဒေသ၏ ထူးခြားချက်တစ်ရပ်မှာ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောအစိုးရမှ သတ်မှတ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ မဟုတ်သည့် ဧရိယာတွင် သတ်မှတ်ထားခြင်းပင်ဖြစ်သည်။ ထို့အတွက်ကြောင့် ၎င်းရမ်ဆာဒေသအား ဒေသအစိုးရ၊ ဒေသခံများနှင့် INGO/ NGO များ ပူးပေါင်း၍ ရမ်ဆာစံချိန်စံညွှန်းနှင့်အညီ စီမံအုပ်ချုပ်သည့် ရမ်ဆာနယ်မြေအဖြစ် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

ရမ်ဆာကွန်ဗင်းရှင်းရုံးအဖွဲ့မှ Dr. Lew Young၊ Senior Advisor for Asia-Oceania ကလည်း ရမ်ဆာကွန်ဗင်းရှင်းအနေဖြင့် မုတ္တမပင်လယ်ကွေ့ဒေသ၏ အရှေ့ဘက်ခြမ်းကိုလည်း ရမ်ဆာဒေသအဖြစ် တိုးချဲ့သတ်မှတ်ပြီးစီးမှုကို နှစ်လိုအားရစွာဖြင့် မြင်တွေ့လိုပါကြောင်း၊ ၎င်းဒေသသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော လတာပြင်ဖြစ်ပြီး ၎င်းကဲ့သို့သော ဂေဟစနစ်မှာလည်း လယ်ယာမြေနှင့် အခြားမြေအဖြစ် ပြောင်းလဲအသုံးချခြင်းများကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်လည်းကောင်း ကမ္ဘာတစ်ဝန်းတွင် ပျက်စီးယိုယွင်းလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်ခြင်းသည်လည်း မြန်မာနိုင်ငံအနေဖြင့် ပြည်သူနှင့် ပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသော ဂေဟစနစ်နှင့် ၎င်းတို့၏ ဝန်ဆောင်မှုများကို ကာကွယ်ထိန်းသိမ်းမည်ဆိုသည့် ကတိကဝတ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ၎င်းဒေသရှိဒေသတွင်း အသက်မွေးဝမ်းကျောင်းအတွက် အရေးပါမှုကို ထည့်သွင်းစဉ်းစားခြင်းဖြင့် စီမံအုပ်ချုပ်မှု အစီအစဉ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မှုများတွင်လည်း ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မြင်တွေ့လိုပါကြောင်း သတင်းပါးခဲ့သည်။

မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ရမ်ဆာဒေသ (Ramsar Site) အဖြစ် သတ်မှတ်နိုင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၇ ခုနှစ် မေလအတွင်း International Union for Conservation of Nature (IUCN) နှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ မွန်ပြည်နယ်၌ ကျင်းပမည်ဖြစ်ပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# တနင်္သာရီနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်

နေပြည်တော် မေ ၉

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်စီ၊ မွန်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ကြေးမုံမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြိတ်မြို့တွင် သုည ဒသမ ၉၀ လက်မ၊ လောင်းလုံးမြို့တွင် သုည ဒသမ ၃၉ လက်မ၊ သထုံမြို့တွင် သုည ဒသမ ၁၂ လက်မ၊ ဂန့်ဂေါမြို့နှင့် ဘီးလင်းမြို့တို့တွင် သုည ဒသမ ၀၈ လက်မစီနှင့် မင်းတပ်မြို့နှင့် မော်လမြိုင်မြို့တို့တွင် သုည ဒသမ ၀၄ လက်မစီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# ဧရာဝတီလင်းပိုင်များ ကျက်စားရာနေရာတွင် နည်းပညာအသုံးပြု၍ ကင်းလှည့်ထိန်းသိမ်းမည်



**ရန်ကုန် မေ ၉**

ဧရာဝတီလင်းပိုင်များ ကျက်စားရာဒေသများတွင် SMART နည်းပညာအသုံးပြု၍ ကင်းလှည့်ထိန်းသိမ်းခြင်းပြုလုပ်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်သုံးခုမှ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းအရာရှိ ၂၆ ဦးကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာအစီအစဉ်)က သင်တန်းပေးခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးတာဝန်ရှိသူများအနေဖြင့် SMART Database နည်းပညာအသုံးပြု၍ ကင်းလှည့် ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် မေ ၈ ရက်နှင့် ၉ရက် တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန သင်တန်းကျောင်း၌ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society)မှ တာဝန်ရှိသူများက သင်တန်းပေးခဲ့ခြင်း ဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)မှ Landscape Coordinatior ကိုနိုင်လင်းက ပြောသည်။

“အရင်က လင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းမှာ လက်ရှိလင်းပိုင်ထိန်းသိမ်းရေးအဖွဲ့တစ်ခုပဲ တစ်လကို နှစ်ကြိမ် SMART Patrol ပြုလုပ်နိုင်ပါတယ်။ အခြားတစ်ဖက်မှာလည်း ထိန်းသိမ်းရေး ဇရိယာမှာပါဝင်နေတဲ့ မြို့နယ်တွေမှာလည်း အမြဲကင်းလှည့်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ဒါပေမယ့် SMART နည်းပညာ အသုံးမပြုသေးတဲ့အတွက် လင်းပိုင်ထိန်းသိမ်းရေး ဇရိယာထဲမှာရှိတဲ့ တရားမဝင်လုပ်ငန်းတွေ၊ ဖမ်းဆီးအရေးယူမှုတွေနဲ့ အခြားသတင်းအချက်အလက်တွေကို ပေါင်းစည်းနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒီလိုမရှိခဲ့လို့ လင်းပိုင်ထိန်းသိမ်းရေးဇရိယာမှာ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှုအားနည်းခဲ့ပါတယ်” ဟု ၎င်းက ပြောသည်။

SMART (Spatial Monitoring and Reporting Tool) နည်းပညာမှာ ကွန်ပျူတာထဲတွင် ထည့်သုံးရသော Software နည်းပညာအမျိုးအစားဖြစ်ပြီး သက်ဆိုင်ရာထိန်းသိမ်းရေးဇရိယာတွင် လိုအပ်သောဒေတာအချက်အလက်များကို SMART Ranger တွေက ကောက်ယူရခြင်းဖြစ်ကြောင်း၊ ယင်းသို့ ကောက်ယူထားခြင်းဖြင့် ထိန်းသိမ်းရေးဇရိယာထဲမှ လင်းပိုင်တို့၏ ခြိမ်းခြောက်ခံရမှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ထင်ရှားသည့် သဘာဝအမှတ်အသားများ၊ တရားမဝင်လုပ်ငန်းမှ ဖမ်းဆီး၊ သိမ်းဆည်းအရေးယူမှုများ၊ ကင်းလှည့်သည့် မိုင်အကွာအဝေးနှင့် အကြိမ်အရေအတွက်တို့ကို မှတ်တမ်းတင်ထားနိုင်ကာ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးစီမံအုပ်ချုပ်မှုများကို ထိရောက်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတွင် ကျင်းပသော SMART နည်းပညာသင်တန်းမှာ ဒုတိယအကြိမ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ အရာရှိ ၂၀၊ ကချင်ပြည်နယ်မှ လေးဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦးတို့ကို သင်တန်းပေးခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်တွင် မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၌ ယခုနှစ်ဇန်နဝါရီလက သင်တန်းပေးခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)တို့ ယခုနှစ်ဖေဖော်ဝါရီ ၆ ရက်မှ ၁၆ ရက်အထိ ပူးပေါင်းကောက်ယူထားသောစာရင်းများအရ ဧရာဝတီလင်းပိုင်ကောင်ရေ ၆၉ ကောင်ရှိကြောင်း သိရသည်။ **(ညီတူး)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | GUERISSON Horse Oil Miracle Horse Oil Whitening Spot (Day Cream + Night Cream) | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |

GUERISSON Horse Oil
Miracle Horse Oil Whitening Spot (Day Cream + Night Cream)



အဆိပ်သင့်ဓာတုပစ္စည်း မာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့်အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် IPP များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အားခန့်မှန်းထားများဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၉**

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် Independent Power Producer (IPP) များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အားခန့်မှန်းထားများဆိုင်ရာ(ဒုတိယအကြိမ်)အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရတနာခန်းမ၌ ကျင်းပသည်။ ယင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း (Myanma Oil and Gas Service Society-MOGSS)မှ ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသောစီမံကိန်းများအတွက် နားလည်မှုစာချွန်လွှာ၊ သဘောတူညီမှုစာချွန်လွှာနှင့် ဖက်စပ်သဘောတူစာချုပ်များဆိုင်ရာ ပုဂ္ဂလိကဓာတ်အားထုတ်သူများနှင့် ချုပ်ဆိုရသော ဓာတ်အားဝယ်ယူရောင်းဝယ်ရေးစာချုပ် (Power Purchase Agreement- PPA)များ၊ စီမံကိန်းများအလိုက် စီးပွားရေးတွက်ခြေကိုက်မှုစိစစ်ချက်များအပေါ် အခြေခံ၍ ဓာတ်အားပေးစက်ရုံများမှရောင်းချသော ဈေးနှုန်းတွက်ချက်ညှိနှိုင်းမှုများ၊ ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူသို့ ရောင်းချသော ဈေးနှုန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုအပေါ် တက်ရောက်လာသူများမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို
မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ
ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်
စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့
ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children
World Vision

## မျက်မမြင်သင်တန်းသားခေါ်ယူ

**ရန်ကုန် မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်)နှင့် မျက်မမြင်ကျောင်း(စစ်ကိုင်း)တို့တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားလိုသော အိမ်ထောင်မရှိသူ မျက်မမြင်အမျိုးသား အမျိုးသမီး(လူမျိုးဘာသာမရွေး) လျှောက်ထားနိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

သင်တန်းတက်ရောက်ခွင့်ရရှိပါက သင်တန်းသား၏ စားဝတ်နေရေးအားလုံးကို နိုင်ငံတော်ကတာဝန်ယူမည်ဖြစ်ရာ ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုဘဲ လျှောက်လွှာများကို ၂၀၁၇ ခုနှစ် ဇွန်လ ၁ ရက်မှစ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၆၇၄၀၄၂၉၄၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း-၀၁၉၃၁၇၀၇၀၊ ၀၁၉၃၁၇၁၂၆ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၇၂၂၂၂၃၇၊ ၀၉၉၁၀၃၃၇၃၆၊ ၀၉၇၈၉၃၆၆၂၉၄ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဘဲရကျေးရွာတွင် ဖျား၍ ခန္ဓာကိုယ်တွင် အနီစက်ထွက်သည့် လူနာများနှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် သပြေကန်ကျေးလက်ကျန်းမာရေးဌာန လက်မယာကျေးလက်ကျန်းမာရေးဌာနခွဲ ဘဲရကျေးရွာ၌ ရွာသူရွာသားအချို့သည် ဖျားခြင်း၊ ခန္ဓာကိုယ်တွင် အနီစက်ထွက်ခြင်း၊ အဆစ်အမြစ်များ ကိုက်ခဲခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားလျက်ရှိကြောင်း မေ ၇ ရက်က သတင်းရရှိသဖြင့် ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေသဆိုင်ရာ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေး ဆရာဝန်၊ ကျန်းမာရေးမှူးအဆင့်(၁)၊ ပြည်နယ်နှင့် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားတိုက်ဖျက်ရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ကွင်းဆင်းအဖွဲ့သည် မေ ၈ ရက်တွင် ရောဂါဖြစ်ပွားရာကျေးရွာသို့ ကွင်းဆင်း၍ ရောဂါဖြစ်စဉ်ကို စုံစမ်းစစ်ဆေးခြင်းနှင့် ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းအဖွဲ့သည် အဆိုပါကျေးရွာ၌ ဆေးခန်းဖွင့်လှစ်၍ ဆေးကုသပေးခဲ့ရာ ကျေးရွာရှိ အိမ်ခြေ ၁၅၆ အိမ်၊ လူဦးရေ ၈၇၅ ဦးရှိသည့်အနက် ဆေးခန်းပြလူနာ ၆၄ ဦးရှိပြီး ၎င်းတို့အနက် လူနာ ၃၅ ဦးတွင် ဖျားခြင်း၊ အနီစက်ထွက်ခြင်းနှင့် အဆစ်အမြစ်များ ကိုက်ခဲခြင်းရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် လူနာများအား သွေးလွန်တုပ်ကွေးရောဂါ ရှိ၊ မရှိ Test Kit များဖြင့် စမ်းသပ်စစ်ဆေးရာ လူနာ ၁၄ ဦးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသည်။ ဆေးရုံသို့ လွှဲပြောင်းပေးပို့ရသော လူနာနှင့်သေဆုံးသူမရှိကြောင်း ရောဂါဖြစ်စဉ်အား အတည်ပြုဓာတ်ခွဲစစ်ဆေးနိုင်ရန် လူနာ ငါးဦးထံမှ သွေးရည်ကြည်(Serum) နမူနာများရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ရန်ကုန်မြို့သို့ ပေးပို့စစ်ဆေးထားကြောင်း သိရသည်။

ကွင်းဆင်းအဖွဲ့အနေဖြင့် အဆိုပါကျေးရွာတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်လောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများ၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ၊ Abate ဆေးခတ်ခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၄ စီး၊ သွင်းကုန် ၅၁၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၈ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၄၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၁၃၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၅၃၂သန်းခန့်)အား သိမ်းဆည်းရမိကြောင်း သိရသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၇ ရက်တွင် ပြင်ဦးလွင်မှ မန္တလေးမြို့သို့ သွားရောက်မည့် Toyota Hilux အမျိုးအစားယာဉ်နှစ်စီးအား (၁၆) မိုင် ကျောက်ချော စစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Monosodium Glutamate (1×25) kg အိတ် ၁၂၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် သုံးသန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# မောင်တောမြို့နယ်အတွင်း ဓားပြအဖွဲ့ဝင် တစ်ဦး လုပ်သေနတ် တစ်လက်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဆူရာလီကျေးရွာသို့ ဓားပြအဖွဲ့ တစ်ဖွဲ့ဝင်ရောက်လာစဉ် နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ဒေသခံပူးပေါင်းအဖွဲ့များက ပိတ်ဆို့ဖမ်းဆီးရာ အဒူရာဆိုသူအား လုပ်သေနတ်တစ်လက်ဖြင့် ယမန်နေ့ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သဝန်ချောင်း၊ ဂွဆုံနှင့် ဆူရာလီကျေးရွာများရှိ အပြစ်မဲ့ရွာသားများအား ဖမ်းဆီးသတ်ဖြတ်လျက်ရှိသည့် ဓားပြခေါင်းဆောင် အဒူရာကိန်း၏ အဖွဲ့မှ အဒူရာအပါအဝင် သုံးဦးသည် ယမန်နေ့ ည ၉ နာရီခန့်က ဆူရာလီရွာသို့ ဝင်ရောက်လာစဉ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပူးပေါင်းအဖွဲ့များက ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ အဒူရာအား လုပ်သေနတ် တစ်လက် (ကျည်မပါ) နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးရမိသူ အဒူရာမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် ယနေ့ နံနက် ၁၀ နာရီတွင် မောင်တောဆေးရုံသို့တင်ပို့ခဲ့ပြီး ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မင်္ဂလာဒုံမြို့နယ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသားတစ်ဦး တွေ့ရှိ သက်ဆိုင်ရာက ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်လျက်ရှိ

**ရန်ကုန် မေ ၉**

မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့နယ်မြေအတွင်း၌ ယနေ့ နံနက်ပိုင်းက ဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသားတစ်ဦးကို တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာက ကျူးလွန်သူအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ထောက်ကြံ့နယ်မြေအတွင်းရှိ ပျဉ်းမပင်ကျေးရွာ (နာရီစင်လမ်းဘေး) မြန်မာ့လယ်ယာနှင့် စက်မှုသုံးရော်ဘာပစ္စည်း ထုတ်လုပ်ရေးဌာန၏ အုတ်တံတိုင်းဘေးတွင် ယနေ့ နံနက် ၇ နာရီခွဲခန့်က အမျိုးသားတစ်ဦး သေဆုံးနေကြောင်းသတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အမျိုးသားတစ်ဦးဖြစ်ပြီး ပါးစပ်အား အပြာရောင်မျက်နှာသုတ်ပဝါဖြင့် ပိတ်စည်း၍ လက်နှစ်ဖက်အား အစိမ်းရောင်တိပ်ဖြင့် ချည်နှောင်ထားလျက်သေဆုံးနေကြောင်း သိရသည်။

သေဆုံးသူ အမျိုးသားတွင် ဦးခေါင်းယာချိုစောင်းပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ယာရင်အုံ ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ဝဲချိုင်းအောက် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာလက်မောင်း ထိုးသွင်းဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေခြင်းဖြစ်ပြီး သက်ဆိုင်ရာက အမှုဖွင့်လှစ်၍ ကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်ပွားမှုနှင့်ပတ်သက်၍ "ပတ်ဝန်းကျင်မှာသွေးကွက်တွေ ဟိုတစ်ကွက်၊ ဒီတစ်ကွက် ဖြစ်နေတာမျိုးတွေလည်း မတွေ့ရဘူး။ ရုန်းရင်းဆန်ခတ် ဖြစ်ထားတဲ့ အနေအထားမျိုးလည်း မတွေ့ရပါဘူး။ သေဆုံးသူကိုတော့ စုံစမ်းသိရှိရပါပြီ။ လက်ရှိမှာတော့ ဖြစ်ပွားရတဲ့ အကြောင်းအရင်းနဲ့ ကျူးလွန်သူကို စုံစမ်းဖော်ထုတ်နေပါတယ်"ဟု ထောက်ကြံ့နယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုအပေါ် ယနေ့ညနေပိုင်းတွင် ပြန်လည်ဖြေကြားသည်။

အဆိုပါ သေဆုံးသူ အမျိုးသားမှာ မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် မဉ္ဇူသကလမ်းနေ ကိုလင်းလင်းထွန်း (၁၉)နှစ် ကျပန်းအလုပ်သမားတစ်ဦးဖြစ်ကြောင်း သိရသည်။

**(ဇော်ကြီး)**

# ကွတ်ခိုင်မြို့နယ်တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၉**

နမ့်ဖတ်ကာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက်က ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာ ရပ်ကွက်(၆)တွင် လှမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၁ ကီလိုနှင့် ငွေကျပ်တစ်သိန်းတို့ကို လည်းကောင်း၊ အလားတူ မေ ၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)အနီး မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်းမပေါ်တွင် ထွေးနိုင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၁၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)** ❐

# အမြန်လမ်းတွင် တစ်နာရီအတွင်း ပါဂျဲရိုးယာဉ်နှင့် လိုက်ထရပ်ယာဉ် တိမ်းမှောက်

**နေပြည်တော် မေ ၉**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၁၉၅/၀)နှင့် (၁၉၅/၁)အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း မနီနီထွေး မောင်းနှင်လာသော ပါဂျဲရိုးယာဉ်မှာ ယနေ့ နံနက် ၉ နာရီခွဲက အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် ချောက်ထဲသို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်ပါရှိသည့် သံဃာတစ်ပါး၊ အမျိုးသမီးသုံးဦးတွင် အမျိုးသမီးနှစ်ဦးသေဆုံးပြီး ယာဉ်မောင်းသူအမျိုးသမီးနှင့် သံဃာတစ်ပါးမှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများအား မကွေးအမြန်လမ်းရဲတပ်ဖွဲ့စခန်းပိုင် မော်တော်ယာဉ်ဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်က မိုင်တိုင်အမှတ်(၃၃၂/၅)နှင့် (၆)အကြား ယာဉ်မောင်း ထွန်းနိုင်ဦး မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တံးတိုက်ကာ လမ်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်ယာဉ်မောင်းပါ သံဃာငါးပါး၊ အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၀ ဦးအနက် သံဃာသုံးပါးဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား စကားအင်းအမြန်လမ်း ရဲစခန်းပိုင် မော်တော်ယာဉ်ဖြင့် တံတားဦးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ သို့ပါ၍ ပါဂျဲရိုးယာဉ်နှင့် လိုက်ထရပ်ယာဉ်တို့မှ ယာဉ်မောင်းများအား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။

**ညီညီသန့်(နေပြည်တော်)**




ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခြင်းကြောင့် ပျက်စီးသွားသော ပါဂျဲရိုးယာဉ်အား တွေ့ရစဉ်။
ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့

**အားကစား**

## ပရီမီယာလိဂ်လစာအများဆုံးရရှိတဲ့ ကစားသမားအမည်ကို ဘွတ်ဘောလိဒ်စ် ဖွင့်ချ

ပရီမီယာလိဂ်လစာ အများဆုံးရရှိနေတဲ့ ကစားသမားမှာ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် မန်ယူသို့ရောက်ရှိလာခဲ့သော ပေါ့ဘာ မဟုတ်ဘဲ မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်သာ ဖြစ်သည်ဟု ဘွတ်ဘောလိဒ်စ်က မေ ၉ ရက်တွင် ထုတ်ပြန်နိုင်ခဲ့သည်။ အီဗရာဟီမိုဗစ်မှာ ပြီးခဲ့တဲ့ ဧပြီလအတွင်း ပြင်းထန်တဲ့ဒူးဒဏ်ရာ ရရှိခဲ့သော်လည်း သူရဲ့သွင်းဂိုးအရေအတွက်ကြောင့် အပိုဆုကြေး ၂ ဒသမ ၈၆ သန်း ခံစားခွင့်ရဦးမည်ဖြစ်သည်။ ဖွတ်ဘောလိဒ်စ်ဆိုသည်မှာ ဘောလုံးလောကတွင်း ချုပ်ဆိုထားသည့် စာချုပ်စာတမ်းများ၏နောက်ကွယ်က အကြောင်းတရားများကို စုံစမ်းဖော်ထုတ်ပေးနေသော ဝက်ဘ်ဆိုက်တစ်ခုလည်း ဖြစ်သည်။

အီဗရာဟီမိုဗစ်၏တစ်ပတ်လုပ်ခကို ပေါင် ၂၂၀၀၀၀ ဟု အများစုက သိထားသော်လည်း စာချုပ်ပါ အချက်များအရ ပေါင် ၃၆၇၆၄၀ အထိ ရရှိနေသည်ဟု ဘွတ်ဘောလိဒ်စ်၏ ထုတ်ဖော်ချက်အရ သိရသည်။ ပေါ့ဘာကို ဂျူဗင်တပ်မှ မန်ယူသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ချိတ်ဆက်ပေးခဲ့သူ ပေါ့ဘာ၏ အေးဂျင့် ရိုင်လိုလာမှာမူ ဝန်ဆောင်ခအဖြစ် ပေါင် ၄၁ သန်းကို အရစ်ကျ အကျိုးအမြတ် ခံစားခွင့်ရရှိမည်ဖြစ်သည်။

ပေါ့ဘာမှာ မန်ယူတွင် အခြေခံလုပ်ခလစာ တစ်ပတ် ၁၆၅၅၈၈ သာ ရရှိနေပြီး နောက်နှစ်ဘောလုံးရာသီမှစတင်၍ ကလပ်အသင်းအပေါ် သစ္စာရှိမှုအတွက် အပိုဆုကြေးအဖြစ် တစ်နှစ်ပေါင် ၃ ဒသမ ၄ သန်း အပိုဆောင်းခံစားခွင့်ရှိမည်ဖြစ်သည်။ မန်ယူအသင်းသာ ယူရိုပါလိဂ်ဖလားဆွတ်ခူးခဲ့ပါက ပေါ့ဘာ၏တစ်ပတ်လုပ်ခကို ပေါင် ၃၆၀၀၀၀ အထိ တိုးမြှင့်ပေးရမည်ဖြစ်သလို စီးပွားရေးအကျိုးအမြတ်ထဲမှ တစ်နှစ်လျှင် ပေါင် ၂၅၀၀၀၀ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။ သို့သော် မန်ယူအသင်းသာ ရာသီကုန်ချန်ပီယံလိဂ်ဝင်ခွင့်မရရှိလျှင် ရုပ်သံထုတ်လွှင့်ကြေး ပေါင် ၆၅ သန်း၊ အက်ဒီးဒက်စ်နှင့် ပေါင်သန်း ၇၅၀ တန်စာချုပ်တန်ဖိုးမှ ပေါင်သန်း ၂၀ ဆုံးရှုံးဖွယ်ရှိနေကြောင်း သိရသည်။

## ပရီမီယာလိဂ်အိမ်ကွင်းပွဲဝဉ် ၃၀၀ ပြည့် နိုင်ပွဲရရှိသည့် တတိယမြောက်အသင်း ချယ်လ်ဆီးအသင်းဖြစ်လာ



ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၅)တွင် မစ်ဒယ်ဘရော့အသင်းအား အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်၌ အနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ်အိမ်ကွင်းပွဲစဉ် ၃၀၀ အထိနိုင်ပွဲရရှိသည့် တတိယမြောက်အသင်းဖြစ်လာခဲ့သည်။

ချယ်လ်ဆီးအသင်းသည် မစ်ဒယ်ဘရော့အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဒီယေဂိုကော်စတာ၊ အလွန်ဆို၊ မာတစ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ပရီမီယာလိဂ်အသင်းများအနက် အိမ်ကွင်း နိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့သည့်အသင်းများမှာ မန်ယူအသင်းသည် ၃၄၇ ပွဲ၊ အာဆင်နယ်အသင်းသည် ၃၀၆ ပွဲ အထိနိုင်ပွဲရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့သည့် မစ်ဒယ်ဘရော့အသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲမှ လေးကြိမ်အထိ တန်းဆင်းခဲ့ရပြီး ခရစ္စတယ်ပဲလေ့အသင်း၊ နော့ဝှ်ချ်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့သည်လည်း လေးကြိမ်အထိ တန်းဆင်းခဲ့ရသည့်မှတ်တမ်းများရှိထားခဲ့သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံရန် နီးစပ်နေပြီဖြစ်ပြီး ပွဲစဉ်(၃၆)တွင် ဝက်စ်ဘရွန်းအသင်းအား အနိုင်ရရှိခဲ့ပါက ဘောလုံးရာသီသုံးရာသီအတွင်း ပရီမီယာလိဂ်ဆုဖလား နှစ်ကြိမ်တိုင်တိုင်ချန်ပီယံဖြစ်လာမည်ဖြစ်သည်။

**(ငွေကြယ်)**

## မက်ဆီရဲ့ စာချုပ်သစ်ပြီးစီးလုနီးပါး ဖြစ်နေသလို အင်းနရစ် နေရာဆက်ခံမယ့်နည်းပြကို ရွေးချယ်ပြီးဖြစ်ကြောင်း ဘာစီလိုနာ အတည်ပြု



ဘာစီလိုနာအသင်းအတွက် မတင်မကျဖြစ်နေသည့် အဓိကအနေအထားနှစ်ခုဖြစ်သည့် ဘာစီလိုနာစူပါစတား မက်ဆီကို စာချုပ်သစ်ချုပ်ဆိုရေးနှင့် အင်းနရစ်နေရာဆက်ခံမည့် နည်းပြ မည်သူခန့်အပ်မည်လဲဆိုသည့် ကိစ္စနှစ်ရပ်လုံး ပြီးစီးလုနီးပါးဖြစ်နေပြီဖြစ်ကြောင်း ဘာစီလိုနာအသင်းဒုတိယဥက္ကဋ္ဌ ဂျော်ဒီမက်ထရီက အတည်ပြုလိုက်ပြီဖြစ်သည်။ မက်ထရီက မက်ဆီကို တစ်နှစ်လုပ်ခပေါင် ၂၅ သန်းဖြင့် စာချုပ်သက်တမ်းတိုးမြှင့်ရေး ဆွေးနွေးမှုပြီးပြတ်ရန် နီးစပ်နေပြီဖြစ်သလို ဘာစီလိုနာနည်းပြကိုလည်း ရွေးချယ်ပြီးခဲ့ပြီဖြစ်ကြောင်း တီဗီသရီးနှင့် အင်တာဗျူးတွင် ထည့်သွင်းဖြေကြားခဲ့ရာ ဘာကာပရိသတ်များအတွက် သတင်းကောင်းပင်ဖြစ်သည်။

ဘာစီလိုနာနည်းပြသစ်အဖြစ် အင်းနရစ်ရဲ့လက်ထောက်နည်းပြအဖြစ်ဆောင်ရွက်နေသူ ကားလို့စ်အန်ဇူ၊ ဘီဘာအိုနည်းပြ ဗယ်ဗာဒီနှင့် အဲဗာတန်နည်းပြ ရော်နယ်ကိုးမန်းတို့ ရေပန်းစားနေကြသည်။ ဂျော်ဒီမက်ထရီက ဘာစီလိုနာ နည်းပြသစ်ကိုရွေးချယ်ပြီးဖြစ်သော်လည်း နည်းပြ အင်းနရစ်ကို လေးစားမှုပေးသည့်အနေဖြင့် ယခုအချိန်တွင် ထုတ်ဖော်ပြောကြားဦးမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မက်ဆီသည်လည်း ဘာစီလိုနာအသင်းရဲ့ ထိပ်တန်းကစားသမားဖြစ်သလို အယ်လ်ဂလက်စီကိုပွဲစဉ်တွင်လည်း ဘာကာအတွက် သူ့ရဲ့(၅၀၀)မြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံ သွင်းဂိုး၅၁ဂိုးအထိ သွင်းယူပေးထားနိုင်သည့်ကစားသမားလည်း ဖြစ်သည်။

**မေလဲ့သင်း**
**စုစည်းသည်**

## ကော်စတာ အောင်ပွဲခံမှုပုံစံအပေါ် တွစ်တာစာမျက်နှာပေါ် မှတ်ချက်များစွာရရှိခဲ့

ချယ်လ်ဆီးနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်တွင် တိုက်စစ်မှူး ဒီယေဂိုကော်စတာက ချယ်လ်ဆီးအတွက် ဂိုးသွင်းယူပြီးနောက်တွင် ပရိသတ်ဘက်ကို လက်ပြနှုတ်ဆက်တဲ့ပုံစံဖြင့် အောင်ပွဲခံခဲ့ရာ တွစ်တာစာမျက်နှာမှတစ်ဆင့် ပရိသတ်မြောက်မြားစွာ တုံ့ပြန်မှုရရှိခဲ့သည်။ ကော်စတာသည် ဖာဘရီဂတ်စ်ပေးပို့မှုကို အကောင်းဆုံး အဆုံးသတ်ကာ ချယ်လ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးအဖြစ် ရယူပေးခဲ့သည်။

ကော်စတာသည် လာမယ့်နွေဈေးကွက်အတွင်း တရုတ်ကလပ် တီယန်ကျင်းကွမ်ကျင်းအသင်းသို့ ပြောင်းရွှေ့တော့မယ်လို့ သတင်းထွက်နေသူဖြစ်ပြီး အဆိုပါကိစ္စရပ်ကို ဘယ်သူမှ တားဆီးနိုင်မှာ မဟုတ်ကြောင်းလည်း မီဒီယာများက သုံးသပ်ခဲ့ပြီးဖြစ်သည်။ကော်စတာသာ တီယန်ကျင်းအသင်းနှင့် ပူးပေါင်းဖြစ်ပါက ကမ္ဘာ့လုပ်ခလစာ အများဆုံးရရှိတဲ့ ကစားသမားဖြစ်လာမှာဖြစ်ပြီး ငွေကြေးအတွက် စူပါလိဂ်သို့ ရောက်ရှိမယ့် နောက်ထပ်ကစားသမားမှာ ကော်စတာဖြစ်လာရန် သေချာသလောက်ရှိနေသည်။

ပရိသတ်အများစုကတော့ ကော်စတာ၏ လက်ပြနှုတ်ဆက်ဟန်အောင်ပွဲခံမှုအပေါ် စိတ်မကောင်းဖြစ်သည့် မှတ်ချက်မျိုးကိုသာ ရေးသားကြပြီး ပရီမီယာလိဂ်ရဲ့ ထိပ်တန်းအရည်အသွေးရှိ တိုက်စစ်မှူးအဖြစ် ချီးကျူးရေးသားခဲ့ကြသည်။ ကော်စတာသည် ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း တီယန်ကျင်းကွမ်ကျင်းကလပ်အသင်းတာဝန်ရှိသူများနှင့် စားရင်းသောက်ရင်း အပြောင်းအရွှေ့ကိစ္စရပ်ဆွေးနွေးနေတဲ့ ဓာတ်ပုံများထွက်ပေါ်လာခဲ့ပြီးနောက် ကော်စတာနှင့် ချယ်လ်ဆီးတို့ရဲ့ ခွဲခွာမယ့်ရက် တဖြည်းဖြည်းနီးကပ်လာပြီဟူသော အဖြေထုတ်မှုများ ထွက်ပေါ်လာခဲ့သည်။ ကော်စတာရဲ့ ချယ်လ်ဆီး အသင်းဖော် ဂျွန်တယ်ရီမှာလည်း တီယန်ကျင်းကွမ်ကျင်းအသင်းသို့ ပြောင်းရွှေ့မယ်လို့ သတင်းထွက်နေရာ အဆိုပါ ချယ်လ်ဆီးကစားသမားနှစ်ဦး တီယန်ကျင်းတွင်လည်း အသင်းဖော်အဖြစ် အတူတကွတွဲဖက်ကစားမှုကို မြင်တွေ့ရဖွယ်ရှိသည်။

## ဂိုးဖန်တီးမှု မှတ်တမ်းစံချိန်ရရှိပြီးနောက် ချယ်လ်ဆီးကနေ ထွက်ခွာသင့်ပြီလားလို့ ဖာဘရီဂတ်စ် မေးခွန်းထုတ်ခဲ့

ချယ်လ်ဆီးကွင်းလယ်လူ ဖာဘရီဂတ်စ်မှာ မစ်ဒယ်ဘရော့နှင့် ပွဲစဉ်တွင် ပရီမီယာလိဂ်ခြောက်ရာသီတွင် ဂိုးဖန်တီးမှု ၁၀ ကြိမ်ဆက် ပြုလုပ်ပေးနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီးနောက် ချယ်လ်ဆီးမှ ထွက်ခွာရန်သင့်ပြီလားဆိုသည်ကို မေးခွန်းပြန်ထုတ်ခဲ့သည်။ ဖာဘရီဂတ်စ်က "ကျွန်တော်ဟာ နည်းပြ ကွန်တီရဲ့ ကစားသမားပုံစံမျိုး မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော် ထွက်ခွာသင့်သလား၊ ဒါပေမယ့် ကျွန်တော်ဟာ စိန်ခေါ်မှုကို ကြိုက်နှစ်သက်တဲ့ ကစားသမားပါ" ဟု သူ့ဘာသာမေး၊ သူ့ဘာသာ ပြန်လည်ဖြေကြားသွားသည်။

ဖာဘရီဂတ်စ်သည် ပရီမီယာလိဂ်တွင် ခြောက်ရာသီတိုင် ဂိုးဖန်တီးမှု ၁၀ ကြိမ်နှင့် အထက်ပြုလုပ်နိုင်ခဲ့တဲ့ ပထမဦးဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။ ဖာဘရီဂတ်စ်မှာ ပြီးခဲ့တဲ့ရာသီတွင်လည်း ရှိုင်ယန်ဂစ်၊ ရွှန်းနီတို့နှင့်အတူ ငါးရာသီ ဂိုးဖန်တီးမှု ၁၀ကြိမ်(သို့မဟုတ်) ၁၀ ဂိုး အနည်းဆုံးသွင်းယူနိုင်သည်ဆိုသည့် ပူးတွဲမှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သော်လည်း မစ်ဒယ်ဘရော့နှင့် ပွဲစဉ်တွင် ယင်းမှတ်တမ်းကို ချိုးဖျက်ကာ ခြောက်ရာသီတွင် ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်နိုင်တဲ့ ပထမဦးဆုံးသောကစားသမားဆိုသည့် မှတ်တမ်းသစ်ကို စိုက်ထူနိုင်ခဲ့သည်။ ဖာဘရီဂတ်စ်မှာ မစ်ဒယ်ဘရော့နှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ်ထက်မက ပြုလုပ်ပေးနိုင်ခဲ့သော်လည်း ကော်စတာ၏ သွင်းဂိုးဖန်တီးမှု တစ်ကြိမ်သာအသိအမှတ်ပြုခံခဲ့ရပြီး ကျန်အကြိမ်ရေတွက်ကိုသတ်မှတ်ရန် ဒိုင်ဖြစ်သူက ငြင်းဆန်ခဲ့သည်။

# မြတ်ဗုဒ္ဓ၏လမြတ်ကဆုန်နှင့် လောကီရေးရာအဖြာဖြာ

a&Vif;ynfkd



မြန်မာပြက္ခဒိန်၏ ဒုတိယ ကဆုန်လတွင် စန်းယှဉ်နက္ခတ်နှင့် ဝိသာခါနက္ခတ် ထွန်းလင်းတောက်ပသည်။ ရာသီပန်း စံကားပန်းတို့ မွှေးထုံပွင့်ဖူးကြသည်။ ကံ့ကော်၊ အင်ကြင်းပန်းတို့က ယှဉ်တွဲပွင့်ဖူးကြသည်။ ပြိဿရာသီတွင် ရာသာရုပ်အမှတ်အသားက နွားလားဥဿဘကိုသတ်မှတ်သည်။ ပုရစ်ဖူး၊ အညွန့်၊ ရွက်နုကလေးများက ပင်ယံထက်တွင်ဝေဆာနေသည်။

**'ဟေမန်ကို နွေလှန်လို့တံ့သောကြောင့်၊ ဗွေသဟန် ဝေယံအုံ့ လေပြန်လှုံ့ဆော်ခဲ့ပြီ၊ ပင်ထံထက်၊ ရော်ရွက်ဝါထိန်ဝေလို့၊ ခါဂိန်နွေသည်တစ်ခေတ်တွင်မှ၊ ပုရစ်ရွှေတမာနုတယ်၊ ကျေးဥကစီ၊ ခင်တန်းလျှို သပြေပင်က၊ ငွေသဇင်သုတ်လေရောတော့၊ နေဝင်လျှင် ဘုတ်တွေ နှော့ပါလို့၊ ဥဩရွှေတန်သံချီ'**

**(ဦးကြော့)**

'ဖွားမြင်၊ ပွင့်၊ စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်လကဆုန်' လထူးလမြတ်ဖြစ်သည်။

နွေဥတု၏နောက်ဆုံးလ လမြတ်ကဆုန်သို့ရောက်လျှင် 'ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရိုသေစွာသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်' အစချီသော စာဆိုတော်ကြီး လက်ဝဲသုန္ဒရ၏ ရတုကဗျာကို ပြေး၍သတိရမိသည်။

ညောင်ရေသွန်းပွဲကျင်းပရာ လမြတ်ကဆုန်လပြည့်နေ့တွင် မြတ်ဗုဒ္ဓဖွားမြင်တော်မူသည်။ ဘုရားအဖြစ်သို့ရောက်တော်မူသည်။ ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

'တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်' ရာသီကာလဝယ် နွေ၏ပူပြင်းသောကာလ၊ ရေအခန်းခြောက်ဆုံးအချိန်တွင် မြတ်ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိညောင်ပင်သို့ ရေသွန်းလောင်းခြင်းဖြင့် မြတ်နိုးပူဇော်ကြသည်။

'ကဆုန်နယုန် လေရူးသုန်' ကာလဝယ် လေပွေလေရူးက ဇွေ့ကာဝိုက်ကာတိုက်ခတ်၍ ကလူကျီစယ်သည်။ ထေရဝါဒဗုဒ္ဓဘာသာဝင် လူကြီးလူငယ်တို့က ဗုဒ္ဓဒေသနာတော် ပရိတ်၊ ဓမ္မစကြာတို့ကို ရွတ်ဖတ်ပူဇော်ကြသည်။ ကမ္မဋ္ဌာန်းဘာဝနာပွားများကြသည်။

မြတ်ဗုဒ္ဓသည် ဘီစီ ၅၄၃၊ မဟာသက္ကရာဇ် ၆၈ နှစ် ကဆုန်လပြည့် သောကြာနေ့တွင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှဖွားမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သစ္စာသိမြင်ခဲ့ခြင်း၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ည အင်္ဂါနေ့ မိုးသောက်ယံ အချိန်တွင် ပရိနိဗ္ဗာန်ပြုတော်မူခြင်း၊ မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်တေဇောဓာတ်ကျွမ်းတော်မူခြင်း စသည့်ထူးမြတ်သော လမြတ် ကဆုန်များကို မွေးဖွားခဲ့သည်။ ကမ္ဘာကျော် သမိုင်းဝင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ် အနစ်နာခံခဲ့သည်။ သတ္တဝါများကို မဟာကရုဏာတော်ဖြင့် ညှာတာခဲ့သည်။ ထောက်ထားခဲ့သည်။ အလှူဒါနတွင် ရက်ရောခဲ့သည်။ ခန္ဓာကိုယ်ကိုပင် စွန့်လွှတ်ရဲသည်။ ဝေဖန်သုံးသပ်သည်။ အရာရာတွင် ကျွမ်းကျင်နှံ့စပ်သည်။

လူသားဘဝ လူ့အလွှာတွင် ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်များ၊ နိုင်ငံရေးတွေးခေါ်ပညာရှင်များ၊ စိတ်ပညာရှင်များအားလုံးက ဗုဒ္ဓကို မဟာလူသားထက် တစ်ဆင့်ကျော်၍ 'မဟာအတုလ'လူသားအဖြစ် ဂုဏ်တင်ခဲ့သည်။

ယနေ့ကမ္ဘာကြီး အရှည်တည်တံ့ရေး၊ ကမ္ဘာကြီးပြုစုပျိုးထောင်ရေးမျက်နှာစာတွင် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးရှုထောင့်များတွင် ဗုဒ္ဓသည် အဓိကဦးဆောင်သူ၊ လမ်းပြသူ၊ ရှေ့ဆောင်သူ ငြိမ်းချမ်းရေးသမားသာဖြစ်သည်။

**စီးပွားရေး**

လူ့ဘဝပတ်ဝန်းကျင်တွင် မြတ်ဗုဒ္ဓ၏ စီးပွားရေးအမြင်ကို အထင်အရှားတွေ့ရသည်။ လူ့ဘဝ ရပ်တည်ရေး၊ တည်တံ့ရေးအတွက် မရှိမဖြစ်သောလိုအပ်ချက်ဖြစ်သည့် စီးပွားရေးကို မြတ်ဗုဒ္ဓက မှတ်သားဖွယ် လမ်းညွှန်ခဲ့သည်။

လူသားတိုင်း စီးပွားရေး ခိုင်မာတောင့်တင်းရန် လုပ်အားစိုက်ထုတ်မှုပြည့်ဝစေရန် ဥဋ္ဌာနသမ္ပဒါတရား၊ ဖြိုးခြိထိန်းသိမ်းစောင့်ရှောက်မှုရှိရန် အာရက္ခသမ္ပဒါတရား၊ ရဲဘော်ရဲဘက်စိတ်ရှိသော အပေါင်းအသင်းရှိရန် ကလျာဏမိတ္တတရားတို့ကို လမ်းညွှန်တော်မူခဲ့သည်။ ကောင်းမှုကိုပြုက ကောင်းကျိုးကိုရရှိ၍ မကောင်းမှုကိုပြုကျင့်ပါက မကောင်းသောအကျိုးကို ခံစားရပေမည်ကိုသိစေသည်။ လုပ်အားစိုက်မှ လုပ်အားအကျိုး၊ ကံကံ၏အကျိုးကို ခံယူတတ်အောင် လေ့ကျင့်ပညာပေးသည်။ အကြောင်းမရှိဘဲ မည်သည့်အကျိုးဆက်မျှ ထင်လိမ့်မည်မဟုတ်ကြောင်း သိစေသည်။

အဖြစ်နှင့်အပျက်သည် နိယာမသဘောအရ ဒွန်တွဲနေရာ စီးပွားရေးတည်ဆောက်မှု၊ ဖြစ်တည်မှုကို ဟောကြားလမ်းညွှန်ခဲ့သကဲ့သို့ စီးပွားရေးပျက်ကြောင်းကိုလည်း မိန့်မြွက်ညွှန်ကြားခဲ့သည်။

စီးပွားပျက်ကြောင်း၊ ကြီးပွားမှုဆုတ်ယုတ်ကြောင်းတရားတွင် သေရည်သေရက်သောက်စားခြင်း၊ မှိဝဲခြင်း၊ ညဥ့်အချိန်မတော် လမ်းဆုံလမ်းခွတွင် လှည့်လည်လမ်းလျှောက်ခြင်း၊ ပွဲလမ်းသဘင်တွင်ပျော်ပိုက်ခြင်း၊ လောင်းကစားခြင်း၊ လူယုတ်မာနှင့်ပေါင်းဖော်ခြင်း၊ ပျင်းရိခြင်းတို့ပင်ဖြစ်သည်။

**'ပျင်းရိလုံ့လမရှိသောသူ၏ အနှစ်တစ်ရာအသက်ရှင်နေရခြင်းထက် ခိုင်မြဲသောလုံ့လရှိသူအဖြစ် တစ်ရက်တာမျှအသက်ရှင်နေရခြင်းက ပို၍မြင့်မြတ်ပေသည်။'**

**(ဓမ္မပဒ)**

အသက်ထင်ရှားရှိစဉ်မှာပင် လူသားတစ်ဦးအနေဖြင့် လူ့အကျိုးပြုလုပ်ရပ်များဖြင့် လူဖြစ်ရကျိုး နပ်အောင် ထမ်းရွက်ဖို့လိုသည်။ အစဉ်နိုးကြားတက်ကြွမှုဖြင့် လူ့လောက၊ လူသားပတ်ဝန်းကျင်ကို အကောင်းဆုံး အလှဖော်သင့်သည်။

**လူမှုရေး**

လူမှုရေးလမ်းညွှန်မှုတွင်လည်း တစ်ဦးကောင်းတစ်ယောက်ကောင်း တစ်ဦးတည်းရပ်တည်၍ မရနိုင်သော သတ္တလောကကမ္ဘာကြီးတွင် အဖွဲ့အစည်း အသင်းအဖွဲ့ အပေါင်းအသင်းကိုရှိအပ်သည်။ လိုအပ်သည်။ ပတ်ဝန်းကျင်ကောင်းတစ်ခုကိုဖန်တီး၍ ပတ်ဝန်းကျင်တစ်ခုကို နှောင်ဖွဲ့သင့်သည်။

မြတ်ဗုဒ္ဓက ကောင်းသောပတ်ဝန်းကျင်တစ်ခုကို မိမိစိတ်အလိုဖြင့် ဖန်တီးတည်ဆောက်နိုင်ရန် လိုအပ်၍ ပတ်ဝန်းကျင်နှင့် လူမှုရေးကိစ္စရပ်များကို လမ်းညွှန်ပြသခဲ့သည်။

အရပ်မျက်နှာကို အရမ်းမဲ့ အဓိပ္ပာယ်အနှစ်သာရမဲ့စွာ ပူဇော်နေသော၊ ဦးချနေသော ပြဟ္မဏတစ်ဦး၏ လွဲမှားသောလုပ်ရပ်၊ ကိုးကွယ်မှုတိမ်းစောင်းနေချက်ကို အမှန်ရောက်အောင် လမ်းတည့်ပေးသည်။ လမ်းလွဲလမ်းမှားကို လမ်းဖြောင့်ပေးသည်။ လူသားဘဝနှင့် လိုက်လျောညီသော လမ်းကြောင်းပေါ်သို့ ခြေဦးတည့်ရန် အကောင်းဆုံးသော လူမှုရေးလမ်းညွှန်မှုကိုပြသခဲ့သည်။

ပတ်ဝန်းကျင်ကို လေးစားမြတ်နိုးရန်ညွှန်ကြားသော လမ်းညွှန်ဆုံးမချက်များပါသည်။ အရပ်ရှစ်မျက်နှာ၏ နောက်ကွယ်မှ ပကတိအရပ်ရှစ်မျက်နှာကိုရှင်းလင်းသည်။ အရှေ့အရပ်တည်းဟူသော မိဘ၊ တောင်အရပ်တည်းဟူသော ဆရာ၊ အနောက်အရပ်တည်းဟူသော ဇနီး၊ မြောက်အရပ်တည်းဟူသော မိတ်ဆွေ၊ အောက်အရပ်တည်းဟူသော အလုပ်သမား၊ အထက်အရပ်တည်းဟူသော သာသနာ့ဝန်ထမ်းများဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ကိုသာ ပူဇော်အားကိုးရန်ဖြစ်သည်။

မိဘ၊ ဆရာတို့အား ပူဇော်မှု ဂုဏဝုမ်ိ၊ ဝယဝုမ်ိ၊ ဂုဏ်အားကြည်ညိုမှု၊ အသက်အရွယ်အား ကြည်ညိုမှုကို ညွှန်းပြသော်လည်း မိမိ၏လက်အောက်နိမ့်ကျသော အလုပ်သမား၊ လက်အောက်ငယ်သားတို့အား မည်သို့ပူဇော်ရမည်ကို စောကြောဖွယ်ဖြစ်သည်။ အလုပ်သမား၊ လက်အောက်ငယ်သားတို့အား ပူဇော်ခြင်းသည် ထိုက်သင့်သောအားလျော်စွာ ဂုဏ်ပြုမှု၊ မြှောက်စားမှု၊ ချီးမြှင့်မှုသာဖြစ်သည်။

အသက်ကြီးသူ၊ ဝါကြီးသူ၊ ဂုဏ်ရှိသူများက မိမိတို့၏ လက်အောက်ငယ်သားတို့အား အကူအညီပေးခြင်းကို 'ချီးမြှောက်သည်' ဟူ၍ဆိုလိုသည်။ လက်အောက်ငယ်သား အလုပ်သမားများက အသက်ကြီးသူ၊ ဂုဏ်ကြီးသူအား အကူအညီပေးခြင်း၊ ချီးမြှောက်ခြင်းကို 'ပူဇော်သည်' ဟူ၍ ဆိုပါသည်။

မြတ်ဗုဒ္ဓက သီတင်းသုံးဖော် ဂီလာနရဟန်းတစ်ဦး ကျန်းမာရေးအရ ဝမ်းတော်လားရာတွင် ကိုယ်တိုင်က ရေမိုးချိုးပေးခြင်း၊ သင်္ကန်းလဲလှယ်ပေးခြင်း ကိုယ်ဖိရင်ဖိ ပြုစုတော်မူသည်မှာ လူမှုရေးအရ ချီးမြှောက်ခြင်းပင်ဖြစ်သည်။

မြတ်ဗုဒ္ဓက လူမှုရေးဥပဒေသများအဖြစ် အလွှာတစ်ခု၊ လူတန်းစားတစ်ခုကို အင်္ဂါငါးရပ်ဖြင့် အညီအမျှသတ်မှတ်ရာ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်တို့ကို သင်္ဂါလောဝါဒသုတ်တွင် ပြည့်စုံစွာဟောကြားတော်မူခဲ့သည်။ ဤကျင့်ဝတ်များကို ကျင့်ကြံခြင်းသည်ပင် ပူဇော်ချီးမြှောက်ခြင်းပင်ဖြစ်သည်။

**'ပေးကမ်းလှူဒါန်းခြင်း၊ နှုတ်ချိုခြင်း၊ အလုပ်ကူညီလုပ်ကိုင်ခြင်း၊ တန်းတူထား၍ဆက်ဆံခြင်း ဤကား လောက၏သင်္ဂဟတရားလေးမျိုးဖြစ်သည်။ ပညာဉာဏ်ရှိသည့် ပုဂ္ဂိုလ်သည် ဤသင်္ဂဟတရားလေးမျိုးကိုအသုံးပြု၍ လောက၌ မြင့်မြတ်သည့်အရာကိုယူသည်။'**

**(သိင်္ဂါလောဝါဒသုတ်)**

**စစ်ရေးစစ်ရာ**

မြတ်ဗုဒ္ဓသည် စစ်ရေးစစ်ရာကို မလိုလား။ ငြိမ်းချမ်းရေးကိုသာဦးတည်သည်။ စစ်ဆိုလျှင် ကျူးကျော်စစ်၊ ခံစစ် မည်သည့်စစ်ကိုမျှမလို။ စစ်ချီစစ်တက် စစ်ရေးပြခြင်းကို ပင်မကြည့်ရဟူ၍ သာသနာ့ ထီးတော်ရိပ်အောက်မှ သာသနာ့ဝန်ထမ်းရဟန်းတော်များအား ပညတ်ခဲ့သည်။

သကျနှင့် ကောလိယလူမျိုးစုတို့သည် ရောဟိနီမြစ်ရေနှင့်ပတ်သက်ပြီး စစ်ဖြစ်ကြသည်။ မြတ်ဗုဒ္ဓက စစ်မြေပြင်သို့ ကိုယ်တော်တိုင်ကြွချီတော်မူပြီး စစ်မြေပြင်သို့ ဆင်းသက်ကာ စစ်မီးလျှံကို ငြိမ်းသတ်နိုင်ခဲ့သည်။ ထောင်ပေါင်းများစွာသော အပြစ်မဲ့ပြည်သူများ၏အသက်ကို ကယ်တင်နိုင်ခဲ့သည်။

မြတ်ဗုဒ္ဓသည် ကျွန်ကုန်ကူးခြင်း၊ လူကုန်ကူးခြင်း၊ စစ်လက်နက်ပစ္စည်း ကုန်ကူးသယ်ဆောင် ရောင်းချခြင်းတို့ကို ပြင်းထန်စွာရှုတ်ချတော်မူသည်။

**'အနိုင်ရသောသူ၌ ရန်စပေါ်လာတတ်၏။ အရှုံးခံရသောသူသည် ဆင်းရဲငြိုငြင်စွာနေရတတ်၏။ အကြင်သူသည် အရှုံးအနိုင်နှစ်မျိုးစလုံးကို ပယ်ရှားစွန့်ပစ်၏။ ထိုသူသည် ချမ်းသာစွာနေရလေ၏။'**

**(ဓမ္မပဒ)**

မြတ်ဗုဒ္ဓသည် သက်တော်ရှစ်ဆယ်၊ ဝါတော်လေးဆယ့်ငါးဝါအတွင်း၌ သတ္တဝါလူသားတို့အပေါ် ကြီးမားသောမဟာကရုဏာတော်ဖြင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးကိစ္စရပ်များကို ဟောကြားတော်မူခဲ့သည်။

**'အတ္တဟိ အတ္တနော နာထော'ဟူသော မြတ်ဗုဒ္ဓ၏ ကိုယ့်အားကိုယ်ကိုးစနစ် မူဝါဒကျင့်သုံးမှု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ၊ မိမိတိုင်းပြည်၊ မိမိလူမျိုးစုအတွက် အကျိုးဆောင်နိုင်ခြင်းဂုဏ်သိက္ခာကို စောင့်သိရန်လိုသည်။ 'မိမိသာလျှင် မိမိ၏အရှင်၊ မိမိ၏သခင်၊ မိမိ၏အားထားရာဖြစ်သည်။ သူတစ်ပါးသည် မိမိ၏သခင်၊ မိမိ၏အားထားရာ အဘယ်မှာဖြစ်နိုင်အံ့နည်း။'**

**(ဓမ္မပဒ)**

စစ်ဒဏ်နှင့် မငြိမ်းချမ်းမှု ပြည်တွင်းစစ်ဒဏ်ကို ရာစုထက်ဝက်ကျော် ခါးစည်းခံနေရသော အမိနိုင်ငံတွင် တိုင်းရင်းသားပြည်သူ သန်း ၅၀ ကျော်တို့က စစ်၏အနိဋ္ဌာရုံအဖြစ် ကြုံတွေ့နေရဆဲဖြစ်ရာ လူမှုရေးဒုက္ခ၊ စီးပွားရေးဒုက္ခ၊ စစ်ရေးဒုက္ခတို့မှချုပ်ငြိမ်းရာ ဒီမိုကရေစီလောကသစ်ကြီးသို့ ခြေလှမ်းနိုင်အောင် 'ပြည်သူနှင့်အတူ' ချီတက်ဖို့လိုနေပါပြီ။

ကြေးမုံ

မေ ၁၀၊ ၂၀၁၇



# မုံရွာမြို့နှင့်မော်လိုက်မြို့တို့တွင် ချင်းတွင်းမြစ်ကြောင်း ရေလမ်းကြောင်းကောင်းမွန်ရေး လုပ်ဆောင်

**မုံရွာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်းအတွင်း လူစီးအမြန်ရေယာဉ်များ၊ ကုန်စည်တင်ဆောင်သော သင်္ဘောများ၊ တွဲသင်္ဘောကြီးများ ရာသီမရွေး သွားလာနိုင်ရေးအတွက် မုံရွာမြို့ အလုံရေလမ်းနှင့် မော်လိုက်ဆိပ်ကမ်းရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ကြောင်းရှိ ရေလမ်းများသည် နွေရာသီမြစ်ရေနည်းပါးချိန်များတွင် ရေယာဉ်များ သွားလာရာတွင် အခက်အခဲများမဖြစ်ပေါ်စေရေးအတွက် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မုံရွာမြို့ အလုံရေလမ်းနှင့်မော်လိုက်မြို့ ဆိပ်ကမ်းရေလမ်းများကို ရေလမ်းကြောင်း ကောင်းမွန်စေရန်အတွက် ပြန်လည်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကြောင်းက မိုးရာသီမှာ သွားလာရေး မခက်ခဲပေမယ့် နွေရာသီမြစ်ရေနည်းပါးချိန်တွေမှာ သွားလာလို့အခက်အခဲရှိတဲ့ ရေလမ်းတွေကို ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေနဲ့ ပြင်ဆင်ခြင်းလုပ်ငန်းတွေကို လုပ်ဆောင်ပေးတာပါ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မုံရွာမြို့နဲ့ မော်လိုက်မြို့က ရေလမ်း(၂)ခုကို လုပ်ဆောင်ပေးတာပါ။ လုပ်ငန်းတွေကို ဧပြီလတတိယပတ်ကနေစပြီး လုပ်ဆောင်နေတာပါ"ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ချင်းတွင်းမြစ်ကြောင်း ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းအဖြစ် မုံရွာမြို့ အလုံရေလမ်းကြောင်း ကောင်းမွန်ရေးအဖြစ် အလျားပေ ၄၀၀ ရှိ ထန်းလုံးတိုင်ရေကာအား ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေကျပ် ၃၂ သန်း၊ မော်လိုက်မြို့ ဆိပ်ကမ်းရေလမ်းကြောင်းကောင်းမွန်ရေးအဖြစ် အလျား၁၈၀၄ ပေ မျောတိုင်တန်း သဲအိတ်စီ ရေလွှဲရေကာအား ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှ ကျပ်သန်း ၁၅၀ ဖြင့် လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများနှင့်တွေ့ဆုံ

**မြင်းခြံ မေ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ မြို့နယ်ဥပဒေရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးဥပဒေချုပ် ဦးအောင်ဝင်းသည် မြင်းခြံခရိုင် မြို့နယ်ဥပဒေအရာရှိများ၊ ညောင်ဦးခရိုင် မြို့နယ်ဥပဒေအရာရှိများနှင့် မေ ၇ ရက် နံနက် ၉ နာရီက တွေ့ဆုံခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် မြို့နယ်နှင့် ညောင်ဦးခရိုင် မြို့နယ်တို့မှ ဥပဒေအရာရှိများနှင့် တွေ့ဆုံရာတွင် အမှုလိုက်ဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များနှင့် အခြားဝန်ထမ်းရေးရာကိစ္စရပ်များအား တိတိကျကျ၊ မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြင်းခြံခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်မှ ဥပဒေအရာရှိများ၊ ညောင်ဦးခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများတက်ရောက်ခဲ့ပြီး ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## လားရှိုး၌(၁၀)အမ်ဗွီအေထရန်စဖော်မာဓာတ်အားခွဲရုံအား (၅)အမ်ဗွီအေထရန်စဖော်မာထပ်မံတိုးချဲ့တည်ဆောက်

**လားရှိုး မေ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ရပ်ကွက်(၇)တွင်ရှိသော (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံအမှတ်(၃)၌ ဝန်အားပြည့်လာခြင်းကြောင့် ပြည်သူများဓာတ်အားပြည့်ဝစွာရရှိအသုံးပြုနိုင်ရေးအတွက် လက်ရှိအသုံးပြုနေသော (၁၀)အမ်ဗွီအေ ထရန်စဖော်မာအပြင် (၅)အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံး အင်အားတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးသဖြင့် ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ပြီဖြစ်ကြောင်း မေ ၈ ရက်က သိရသည်။

ယခင်အဆိုပါ (၁၀)အမ်ဗွီအေခွဲရုံမှ (၁၁)ကေဗွီ စိတ္တသုခလိုင်း၊ (၁၁) ကေဗွီ ရန်ကင်းလိုင်း၊ (၁၁) ကေဗွီ ရွှေသံလွင်လိုင်းများဖြင့် ရပ်ကွက်(၄၊ ၅၊ ၆၊ ၇၊ ၁၂)များသို့ ဓာတ်အားဖြန့်ဖြူးလျက်ရှိရာ ဓာတ်အားသုံးစွဲသူများတိုးတက်လာသည်နှင့်အမျှ ဝန်အားမနိုင်နင်းသဖြင့် အဆိုပါရပ်ကွက်နေပြည်သူများ ဓာတ်အားစဉ်ဆက်မပြတ်သုံးစွဲနိုင်ရေး အခက်အခဲရှိရာမှ ယခု (၅)အမ်ဗွီအေတိုးချဲ့တည်ဆောက်ခြင်းကြောင့် အဆိုပါရပ်ကွက်များ ဓာတ်အားစဉ်ဆက်မပြတ်ရရှိပြီး ဗို့အားပြည့်ဝစွာသုံးစွဲနိုင်သည့်အပြင် အခြားမြို့ပေါ် ရပ်ကွက်များဖြစ်သည့် ရပ်ကွက် (၁၊ ၂၊ ၉၊ ၁၀)တို့သည်လည်း ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာထံက သိရသည်။

**ဟန်ငွေး(လားရှိုး)**

## မန္တလေး၌ လျှပ်စစ်ကဏ္ဍအတွက် ငွေကျပ်ဘီလီယံ ၄၀ ခန့် သုံးစွဲမည်

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍအတွက် ယခုနှစ် ဘတ်ဂျက်တွင် ငွေပေါင်း ၄၀ ဘီလီယံခန့် သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် JICIA ချေးငွေ၊ World Bank Program အစီအစဉ်များ အပါအဝင် ငွေပေါင်း ၂၇ ဒသမ ၈၆ ဘီလီယံ သုံးစွဲမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်မှ ၆ ဒသမ ၄ ဘီလီယံနှင့် Development ဘတ်ဂျက်မှ ၃ ဒသမ ၉၂ ဘီလီယံ စုစုပေါင်း ငွေကျပ် ၃၈ ဒသမ ၁၈ ဘီလီယံ သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အင်ဂျင်နီယာ(စီမံရေးရာဌာန)မှ အထွေထွေမန်နေဂျာ(အင်/ယာ) ဦးစိုးမင်းထွန်းက ပြောသည်။

"မနှစ်ကလိုပဲ လျှပ်စစ်ကဏ္ဍမှာ ဘီလီယံ ၄၀ လောက် ရင်းနှီးမြှုပ်နှံသွားမယ်လို့ ပြောလိုပါတယ်။ တိုင်းဒေသကြီး အစိုးကဘတ်ဂျက်နဲ့လည်း ကျေးရွာမီးလင်းရေးလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်နေပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ယမန်နှစ် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ကဏ္ဍအတွက် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ သုံးရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ခုနစ်ရုံနှင့် ၆၆ ကေဗွီလိုင်းမိုင်ပေါင်း ၂၀ မိုင်၊ ၃၃ ကေဗွီလိုင်းမိုင်ပေါင်း ၁၁၀ နှင့် ၁၁ ကေဗွီလိုင်းမိုင်ပေါင်း ၂ ဒသမ ၇ မိုင်စသည်ဖြင့် ငွေကျပ် ၁၂ ဘီလီယံခန့်သုံးစွဲခဲ့ပြီး ADB ချေးငွေဖြင့် ၁၈ ဒသမ ၄ ဘီလီယံ၊ ကျေးရွာမီးလင်းရေးလုပ်ငန်းအတွက် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ၇ ဒသမ ၁ ဘီလီယံနှင့် Development ဘတ်ဂျက်မှလည်း ၁ ဒသမ ၇ ဘီလီယံ သုံးစွဲဆောင်ရွက်ခဲ့သဖြင့် ယမန်နှစ်က စုစုပေါင်း ၃၉ ဒသမ ၂ ဘီလီယံ သုံးစွဲခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့်လည်း နှစ်စဉ် ရွာပေါင်း ၂၀၀ ကျော်အား မီးလင်းရေးအတွက် ဆောင်ရွက်ခဲ့ရာ ရွာပေါင်း ၄၇၀၀ အနက် လက်ရှိတွင် ရွာပေါင်း ၁၇၀၀ ကျော်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယခုနှစ်မှစ၍ သုံးနှစ်အတွင်း ရွာပေါင်း ၃၉၃ ရွာကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် World Bank ချေးငွေအစီအစဉ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## မူးမြစ်ကူးတံတားကြောင့် ဒေသခံများ သွားလာမှုအဆင်ပြေ

**ဝက်လက် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်နှင့်အရာတော်မြို့နယ်ကို ဆက်သွယ်ပေးထားသော မူးမြစ်ကူးတံတားကြောင့် ဒေသခံများ သွားလာမှုအဆင်ပြေလျက်ရှိသည်။ မူးမြစ်ကူးတံတားတည်ဆောက်မှုမှာ မတ်လအတွင်းပြီးစီးသွားခဲ့သည်။ ဝက်လက်မြို့နယ်ဘက်ရှိ ကျောက်ကုန်းကျေးရွာနှင့် အရာတော်မြို့နယ် သလဲဘာ ကျေးရွာတို့ကို ဆက်သွယ်ပေးထားပြီး အရာတော်၊ မြင်းမူ၊ မုံရွာဘက်သွားရာဖြတ်လမ်းအဖြစ် တည်ရှိပြီး ဆက်သွယ်ရေး ကောင်းမွန်သွားကြောင်း သိရသည်။



ကျောက်ကုန်းကျေးရွာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရွှေစည်းခုံ-ကျောက်ကုန်းကျေးရွာကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးသွားပြီဖြစ်သည့်အတွက် မူးမြစ်ကူးတံတားနှင့် ဆက်သွယ်၍ သွားလာမှုပိုမိုလွယ်ကူကာ ဆက်သွယ်ရေးကောင်းမွန်လျက်ရှိသည်။

မူးမြစ်ကူးတံတား ပြီးစီးသွားမှုနှင့် ပတ်သက်၍ ဒေသခံတစ်ဦးကို မေးမြန်းကြည့်ရာ "မူးမြစ်ကူးတံတားကြီးကတော့ ဝက်လက်မြို့နယ်နဲ့ အရာတော်မြို့နယ်ကို ဆက်သွယ်ပေးလိုက်တဲ့ တံတားကြီးပါ။ တံတားကိုဖြတ်ကူးလိုက်တာနဲ့ အရာတော်၊ မြင်းမူ၊ မုံရွာဘက်အထိသွားလို့ရပါတယ်။ တံတားကြီးပြီးသွားတဲ့အတွက် သွားလာမှုက အဆင်ပြေနေပါတယ်။ ယခင်က ယခုတံတားဆောက်တဲ့နေရာအနီးမှာ ဖောင်နဲ့ကူးရတယ်ဗျ။ ဖောင်ဆိုတာကလည်း လှေကြီးနှစ်စင်းပူးတွဲပြီး အသားချပ်တင်ပြီး ကူးရတာဗျ။ ဖောင်နဲ့ကူးတဲ့အခါ လူ၂၀၊ ဆိုင်ကယ်လေးစီးလောက်နဲ့ နွားလှည်း နှစ်စီးလောက်မှ ကူးပေးတော့ အချိန်စောင့်ရတယ်ဗျ။ လူ၊ ဆိုင်ကယ်၊ ကား၊ နွားလှည်းမှအစ ဖောင်နဲ့ကူးရတာ။ အခုတော့ မူးမြစ်ကူးတံတားကြီးပြီးစီးသွားတဲ့အတွက် ဖောင်မကူးရတော့ နေ့၊ ည အချိန်မရွေး သွားလာနိုင်ပါတယ်။

နယ်သူနယ်သားတွေ အဆင်ပြေသလို ကျောင်းသားတွေ ကျောင်းတက်ရာမှာ အဆင်ပြေသွားပြီဗျ။ တံတားမပြီးခင် လွန်ခဲ့တဲ့နှစ်က ဖောင်ကူးရာမှာ ကျောင်းသား (၁၇) ယောက်ရေနစ်တာ နှစ်ယောက်က ဆယ်မရတော့တဲ့အခြေအနေနဲ့ ကြုံခဲ့ဖူးတယ်။ အခုတော့ အဲဒီဒုက္ခတွေကင်းသွားပြီခင်ဗျ။ လောလောဆယ်တံတားပေါ်ကို နွားလှည်းဖြတ်မောင်းမယ်ဆိုလျှင် တာယာဘီးတပ်ပြီးကူးဖို့ပြောထားပါတယ်။ တံတားပေါ်ကို ဝန်ချီစက်တွေ၊ သံချပ်ဘီးတွေနဲ့ မကူးအောင် နှစ်ဘက်ရွာအုပ်ချုပ်ရေးမှူးတွေက ဂရုစိုက်ပေးနေတယ်။ ကူးမယ်ဆိုလျှင် ကားနဲ့တင်ကူးခိုင်းပါတယ်။ ကျောက်ကုန်းကျေးရွာနှင့် သလဲဘာကျေးရွာကို ဆက်သွယ်ထားတဲ့ မူးမြစ်ကူးတံတားကြောင့် နယ်သူနယ်သားတွေ သွားလာမှုအဆင်ပြေသွားပြီး မူးမြစ်ကို ရေကြောင်းဖြင့် မကူးတော့ဘဲ ကုန်းလမ်းအတိုင်း တံတားမှဖြတ်သန်း သွားလာမှုတွေ ပြုလုပ်နေပါတယ်။ တံတားကြီးပြီးစီးသွားတဲ့အတွက် နယ်သူနယ်သားတွေ ဝမ်းသာလျက်ရှိနေပါတယ်" ဟု ကျောက်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းမြင့်က ပြောပြသည်။

**နွေနဒီ (မြစ်ငယ်)**

## အောက်မြန်မာပြည်

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းစတင်ဆောင်ရွက်နေမှုတင်ပြခြင်းအခမ်းအနားကျင်းပ

**ပဲခူး မေ ၉**

ပဲခူးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ မေ ၉ ရက် နံနက် ၉ နာရီက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်နေမှုအားတင်ပြခြင်း အခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ကြိုးကြပ်ကူညီပံ့ပိုးပေးနိုင်ရန် စီမံကိန်းစာအုပ်အား ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်ဇင်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့လည်းကောင်း၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းက လွှတ်တော်ကိုယ်စားလှယ်သို့လည်းကောင်း ပေးအပ်သည်။

ထို့နောက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပြုစုခဲ့ပုံနှင့် စတင်အကောင်ထည်ဖော်ဆောင်ရွက်မှုများကို ဒေါက်တာသန့်ဇင်က ရှင်းလင်းတင်ပြပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို ကဏ္ဍအလိုက်ခြုံငုံ၍ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ချောချောဟန်က ရှင်းလင်းတင်ပြသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ တွင် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ အနာဂတ်ပညာရေးအတွက် အထောက်အထားအခြေပြုမဟာဗျူဟာစီမံကိန်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်၊ အမျိုးပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာမြောက်အပြောင်းအလဲကိုးရပ်၊ မူကြိုနှင့် သူငယ်တန်းပညာရေး၊ အခြေခံပညာရေးအခွင့်အလမ်း၊ အရည်အသွေးနှင့်လူတိုင်းအကျုံးဝင်မှု၊ အခြေခံပညာသင်ရိုးညွှန်းတန်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာရေး၊ စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု စသည့်ကဏ္ဍများပါဝင်သည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ စတင်ဆောင်ရွက်နေမှု အခြေအနေများကို ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့များမှ အဖွဲ့လေးဖွဲ့ခွဲ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားရောက်ကာ ရှင်းလင်းဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမနှင့် ပြည်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းတို့တွင်ကျင်းပပြီး အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပညာရေးဌာနဝန်ထမ်းများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ဘုန်းတော်ကြီးသင် ကျောင်းကိုယ်စားလှယ်များ၊ ပညာရေးကဆောင်ရွက်နေသော NGOs ကိုယ်စားလှယ်များနှင့် စက်မှုဇုန်ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မွန်ပြည်နယ်အတွင်း HIV ရောဂါဖြစ်ပွားသူများထဲတွင် ရွှေ့ပြောင်းလုပ်သားများမှတစ်ဆင့် ဖြစ်ပွားမှု ပိုမိုများပြား

**မွန် မေ ၉**

မွန်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်မှ အစိုးရဆေးရုံ ဆေးခန်းတွေမှာ HIV ရောဂါနဲ့ ဆေးဝါးကုသခံယူနေသူ ၁၈၄၆ ဦး ရှိကာ အများဆုံးတွင် အိမ်နီးချင်းတစ်ဖက်နိုင်ငံနယ်စပ်ဒေနှင့် ပြည်တွင်းရွှေ့ပြောင်းလုပ်သားများကနေ ပိုမိုဖြစ်ပွားနေသည်ဟု မွန်ပြည်နယ် ခုခံကျ/ကာလသားတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာမင်းသူက ပြောသည်။

ဖြစ်ပွားသူများထဲတွင် ၂၀၁၄ ခုနှစ်တွင် ၄၁၀ ခန့်သာရှိပြီး ၂၀၁၅ ခုနှစ်မှာ ၉၉၀ ရှိကာ နှစ်ဆတိုးမြင့်တက်သွားကာ အသက် ၂၀ ကျော်မှ အသက် ၄၀ ကျော်အထိ ပိုမိုဖြစ်ပွားခဲ့၍ လိင်တူ၊ လိင်ကွဲဆက်ဆံခြင်းမှ ဖြစ်ပွားမှုများရှိသလို ယခုနှစ်အတွင်းမှ ကလေးသူငယ် ၁၀၁ ဦးလည်း ရောဂါကူးစက်ခံနေရသည်ဟု အဖွဲ့ခေါင်းဆောင် ဒေါက်တာမင်းသူက ဆက်လက်ပြောသည်။

ယခုလက်ရှိ HIV ဝေဒနာရှင်များမှာ ယခင်ကလို ခွဲခြားဆက်ဆံခံရမှုက နည်းပါးလျော့ကျလာနေခဲ့၍ ART ဆေးဝါးကိုလည်း ပုံမှန်ထုတ်ပေးနေသည့်အပြင် နယ်ဝေးကလူနာများကိုလည်း မွန်ပြည်နယ်အခြေစိုက် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်း ၁၃ ဖွဲ့နှင့်ချိတ်ဆက်ကာ လိုအပ်သောသွေးစစ်ဆေးပေးခြင်း၊ လူစည်ကားရာ အချက်အချာကျသော ကားဂိတ်နှင့် တခြားနေရာအနှံ့တွင်လည်း ပညာပေး အစီအစဉ်များ ပြုလုပ်ပေးနေသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ၂၀၁၇-၂၀၂၀ ခုနှစ်တွင် HIV ဝေဒနာရှင်လူနာအားလုံး၏ ၉၀ ရာခိုင်နှုန်းကို သွေးစစ်ဆေးပေးပြီး ART ဆေးဝါးရရှိရန် ဆောင်ရွက်ပေးသွားမည့်အပြင် လာမည့် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းမှာ လူထုကိုခြောက်လှန့်မှုအန္တရာယ်ကနေ အဆုံးသတ်သွားရန် ရည်မှန်းထားရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေသခံပအိုဝ်းတိုင်းရင်းသားများနှင့်တွေ့ဆုံ

**ဘီးလင်း မေ ၉**

မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မေ ၈ ရက် နံနက် ၁၁ နာရီက ဒေါက်ရပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ သူရိယစန္ဒခန်းမ၌ ဒေသခံပြည်သူ ပအိုဝ်းတိုင်းရင်းသားများနှင့်သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က မိမိတို့၏ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဒေသခံပအိုဝ်းတိုင်းရင်းသားပြည်သူများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြကြရန် ပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာသော ဒေသခံပြည်သူများက လမ်း၊ တံတား၊ လျှပ်စစ်မီးအစရှိသည့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ သက်ဆိုင်ရာဌာနအသီးသီးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထူးနောင် (ဘီးလင်း)**



trjpf t&m&)Grrfrlif wef trSwf01^2017 zifhuke oefvsif;rItqifhifrf;rH avbuif;oifwefausmif cef;rü ar 8 &uf uif;y&m awmifykdif;c½dKifwyf;LS 'kwd&rSwf;Dnfvifu tzifhrSm;ajym;ch onf t crf;tem;oif awmifykdif;c½dKifwyf;LS rdU, fwyf;LS awmifykdif;c½dKifwyf;LS t&m&Sdwyf;0Ulf;ESifh oifwefom; 20 wuf&muf cJonf

owif;ESifhwyfkd(689)

# ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများ လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် မေ ၉**

ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၇)နှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၁၇)တို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀ သည် မေ ၇ ရက် နံနက်ပိုင်းက တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်တွင်း လေ့လာရေးခရီးသွားရောက်ခဲ့ကြသည်။



အဆိုပါ လေ့လာရေးခရီးစဉ်အတွင်း သင်တန်းသား၊ သင်တန်းသူများသည် စစ်ရေယာဉ်ပေါ်ရှိ လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်းနစ်ဆိုင်ရာစနစ်များနှင့် ရေယာဉ်လက်တွေ့ ခုတ်မောင်းနေမှုများကို စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြပြီး တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းပြသကြသည်။

ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများကို ကျောက်ဖြူမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မြိတ်မြို့၊ ကျွန်းစုမြို့၊ ထားဝယ်မြို့နှင့် ဟိန်းဇဲဒေသတို့ရှိ ရေကြောင်းလူငယ် စခန်းများတွင်လည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အခြေခံစစ်ရေးပြဘာသာရပ်၊ ရေတပ်သားဆိုင်ရာ သင်ခန်းစာများ လက်တွေ့သင်ကြားခြင်း၊ ရေယာဉ်ပေါ်တွင်လက်တွေ့ လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် လေ့လာရေးခရီးသွားရောက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

# ပုလောမြို့နယ် ကျောက္ကာကျေးရွာ၌ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပ

**ပုလော မေ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကျောက္ကာကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီခွဲက ကျောက္ကာကျေးရွာ အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၄) ရပ်ကွက်၌ ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောက္ကာအုပ်ချုပ်ရေးမှူး ဦးကျော်လွင်ဦးက ကျောက္ကာကျေးရွာသည် ရေပတ်လည် ဝိုင်းရံလျက်ရှိသော ကျွန်းဖြစ်ပြီး လမ်းများပေါ်တွင် ရေကြီး၊ ရေလျှံမှုများ ရှိခဲ့သည်။ ဒေသခံပြည်သူများနှင့် ကျောင်းသူ၊ ကျောင်းသားများ သွားလာရေး အဆင်ပြေစေရန် လှူဒါန်းပေးသော အလှူရှင် မိသားစုကို များစွာ ကျေးဇူးတင် ဝမ်းမြောက်မိကြောင်း ပြောကြားကာ အလှူရှင် ဦးကြီးဟင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

အဆိုပါလမ်းမှာ အမြင့် ခြောက်လက်မ၊ အကျယ် ၁၂ ပေ၊ အရှည် ပေ ၃၇၀၀ ရှိ ရွာပတ်လမ်း တစ်လမ်းနှင့် အမြင့် နှစ်ပေ၊ အကျယ် ကိုးပေ၊ အရှည် ၁၈၅၅ ပေရှိ ရွာပတ်လမ်း တစ်လမ်းကို သိန်း ၁၀၀၀ ခန့်ကုန်ကျပြီး (ဦးကျင်ရှို၊ ဒေါ်ကျင်တွာ) တို့အားရည်စူး၍ သားသမီးမြေးတစ်စုတို့က လှူဒါန်းခြင်းဖြစ်ကြောင်း၊ ကျောက္ကာကျေးရွာသည် အိမ်ခြေ ၇၀၀၊ လူဦးရေ ၅၀၀၀ ကျော်၊ အ-ထ-က(ခွဲ) တစ်ကျောင်း၊ အ-မ-က တစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ရှိကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# ညောင်ရေသွန်းလောင်းမေတ္တာပေါင်း၍အောင်ကြောင်းကိန်းစေငြိမ်းချမ်းစေ

**ပန်းတောင်းသန်းကြွယ်**

**ခါလည်လုလု၊ ရတုသစ်သစ်**
**သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း**
**ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍**
**ရွက်ကြောနုလုန်၊ ရွက်သစ်ပြန်တည့်**
**ပန်းမန်ငုံကင်း၊ သုတ်လေညှင်းနှင့်**
**မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး**
**မင်းလွင်မြူးလျက်၊**
**တန်ခူးလည်းကုန်၊ လကဆုန်သည်**
**ပဓူန် ရိုက်မြည်ချုန်းချုန်းတည်း။ ။**

**ရှင်အဂ္ဂသမာဓိ**

ကဆုန်လတွင် လေပြည်လေညင်းများ တဖြူးဖြူးတိုက်ခတ်သည်။ တိုက်ခတ်သောလေပြည်လေညင်းများနှင့်အတူ ရော်ရွက်ဝါများပါလာတတ်သည်။ ရွက်ဟောင်းများနေရာတွင် ရွက်သစ်ရွက်နုကလေးများ ဖူးပွင့်ဝေဆာနေတော့သည်။ ယင်းကာလတွင် မြေသင်းရနံ့ကလေးများနှင့်အတူ မင်းလွင်မြူခိုးတို့ တပျံ့ပျူးပျူးရှိတတ်သည်။ "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့" ဟူသော တောင်သူကြီးများ၏ စကားမှတ်တမ်းအတိုင်း ဖြစ်ပေါ်လေ့ရှိသည်။

တန်ခူးကုန်ပျောက်၊ ကဆုန်သို့ရောက်ချေပြီ၊ မိုးမင်းကို အမှူးက မာန်ဟုန်တော်ပျိုးကာ ရိုက်မြည်ထစ်ချုန်းလာချေပြီ။ ကဆုန်လသည် နွေရာသီ၏ ဗဟိုချက်မအလယ်တွင်ကျသဖြင့် အလွန်ပူပြင်းသည်။ "ကဆုန်၊ နယုန်ဆွေ့ဆွေ့ခုန်" ဟူသော စကားအတိုင်းပင် ပုံမှန်ငြိမ်သက်၍ မနေနိုင်ဘဲ ဆွေ့ဆွေ့ခုန်နေရလုမတတ် အပူရှိန်က လွန်ကဲလေသည်။ ထို့ကြောင့် မဟာအတုလမင်းကြီးက "နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖယ်သူရိန်စောဇေကြောင့်၊ ပူဗျာပါကဲတဲ့လကိုလေး"ဟု စာဖွဲ့ခဲ့သည်။ ထို့အတူပင် ရတနာပုံခေတ်စာဆိုအကျော် ဦးကြော့ကလည်း "တော်ကဆုန်" ဟုအမည်ပေးကာ ကဆုန်လဘွဲ့ကို ဖွဲ့နွဲ့ခဲ့သည်။

- **ဟေမာန် နွေလှန်လို့တုံ့ပြန်တော့၊ ဆွေသဟံ ဝေယန်အံ့ဆီက၊ လေပြန်လှုံ့ဆော်ခဲ့ပြီ။**
- **ပင်ပေါ်ထက်၊ ရော်ရွက်ဝါ ထိန်ဝေနှင့်၊ ခါဂိမှေသည် တစ်ခေတ်တွင်မှ၊ ညာလိမ်ကြွေတစ်အုပ်သစ်မည်ကြောင့်၊ အသစ်တွေထွေကာစုပါလို့၊ ပုရစ်ခွေတမာနုမှာကွယ်၊ ကျေးဥစီစီ။**
- **ခင်တန်းလျှိုသပြေပင်က၊ ရွှေသဇင် သုတ်လေနှော ပြန်တော့၊ နေဝင်လျှင် ဘုတ်တွေရောပါလို့၊ အုတ်ရွှေသြရယ်က တွန်သံချို၊ ဥဒေါနီနှင့် ကွာဝေး။**
- **ဖန်ခါခါ၊ လဗီရာ စည်ဋ္ဌိုက္ကိုပေမို့၊ ဝသန်မှ ဆည် မချိပြီဘူး။ ပူမိသည် မှော်ရရုံက ၊တော်ကဆုန် ညောင်ရေသွန်းချိန်မို့၊ ဖော်မစုံအောင်မြေကွန်းဆီသို့၊ လွမ်းလိုက်လှသေး။**

ကဆုန်ဟု ယခုရေးသားခေါ်ဝေါ်နေသော လအမည်ကို ပုဂံခေတ်ကျောက်စာများတွင် ကုဆုန်ဟုအရေးများသည်။ ကုနှင့်ကတ်အနက်သည် ရေဖြစ်၍ ဆုန်အနက်မှာ သွန်းလောင်းသည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကဆုန်လကို ရေသွန်းလောင်းသောလဟု ကောက်ယူရသည်။ ကုဆုန်၊ ကဆုန်ဟူသော လမ်းအခေါ်အဝေါ်မှာ အလွန်ရှေးကျသည်ကို ထောက်၍ မြန်မာနိုင်ငံသို့ သာသနာရောက်သည့်အချိန်မှစ၍ ညောင်ရေသွန်းပွဲတော်များ ကျင်းပသည့်ဓလေ့မှာလည်း တစ်ပြိုင်တည်းပေါ်ပေါက်ခဲ့ဟန်တူပေသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟုဆိုကြသည့်အတိုင်း နေ၏အပူရှိန်ကြောင့် ရေများပင်ခန်းခြောက်လေ့ရှိလေရာ မြတ်စွာဘုရားရှင်ပွင့်တော်မူသည့် ဗောဓိပင်ကို ရည်မှန်း၍ ဗောဓိပင်အပွားတော်များကို တပျော်တပါး ရေသွန်းလောင်းကာ ကဆုန်ညောင်ရေသွန်းပွဲတော်များကို ကျင်းပကြလေသည်။

ကဆုန်လကား တော်ဝင်သောလဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓသာသနာဝင်၊ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီး ဖြစ်သောကြောင့်ပေတည်း။ "ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ နိဗ္ဗာန်ကြွတော်မူ။ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့၊ မမေ့မှတ်ကာယူ" ဟူသည့်အတိုင်း

၁။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်သော ဂေါတမအမည်ဖြင့် ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူခြင်း။
၂။ မဟာသက္ကရာဇ် ၆၈ ခုနှစ်က ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း။
၃။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခြင်း။
၄။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းတည်းဟူသော ထိုကဆုန်လပြည့်နေ့၏ ထူးခြားချက်ဂုဏ်ထူးဝိသေသများဖြင့် ထုံမွမ်းလျက်ရှိလေသည်။

ထိုကဲ့သို့ ဘုရားရှင်၏ ဖြစ်တော်စဉ်တွင် ထူးခြားမှတ်သားထိုက်သော ဤကဆုန်လပြည့်နေ့အား ဘုရားနေ့သို့မဟုတ် မြတ်ဗုဒ္ဓအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က အထွတ်အမြတ်ထားကြသည်။ ဂေါတမဘုရားရှင်သည် ဤနေ့ ဤအခါ၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရန် အားထုတ်ရာတွင် အမှီပြုတော်မူသော ဗောဓိပင်အား ရေစင်သွန်းလောင်းခြင်းပြု၍ ဘုရားရှင်အား ရည်စူးပူဇော်ခြင်းပြုကြလေသည်။

ဗောဓိပင်ဆိုသည်မှာ မြတ်စွာဘုရားရှင်တို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ဖြစ်သည်။ ဝေဿဘူ၊ ကကုသန်၊ ကောဏဂုံ၊ ကဿပဘုရားရှင်တို့၏ ပွင့်တော်မူရာသစ်ပင်များမှာ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်သည်။ မည်သည့်အပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါး မြတ်တရားကို သိမြင်တော်မူရာသစ်ပင်ဖြစ်လျှင် ဗောဓိပင်ဟူသော နာမည်ထူးကို ရလေသည်။ နောင်ပွင့် လတ္တံ့သော အရိမေတ္တယျဘုရားရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူမည်ဟုဆိုလေရာ ထိုခေတ်ထိုအခါတွင် ကံ့ကော်ပင်သည် ဗောဓိပင်အမည်တွင် ပေလိမ့်မည်။

ဗုဒ္ဓဘာသာဓလေ့ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကျင်းပကြခြင်းသည် နှစ်ဦးအစကဆုန်လတွင် လာလတ္တံ့သောတစ်နှစ်ပတ်လုံး ဘေးရန်ကင်း၍ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ရည်သန်လျက် ကုသိုလ်ကောင်းမှုပြုကြခြင်းပင်ဖြစ်သည်။ လူတို့၏ စိတ်တွင် ညောင်ပင်သည် အခြားအပင်များ ထက်ပို၍ ထူးကဲသော သဘောရှိသည်။ ဘုရားမပွင့်မီရှေးပဝေသဏီကပင် ကဆုန်လပြည့်နေ့၌ ညောင်ပင်ကို ရေစင်သွန်းလောင်းကာ ညောင်ပင်စောင့် ရုက္ခစိုးနတ်မင်းအား ပူဇော်ခဲ့ကြသည်။ ဘုရားရှင်ပွင့်တော်မူပြီးနောက် နတ်ကို ပူဇော်ခြင်းမှ ဘုရားရှင်ကို ပူဇော်ခြင်းသို့ ပြောင်းလဲ၍ ဗောဓိညောင်ပင်အား ရေစင်သွန်းလောင်းခဲ့ကြလေသည်။

ဤနေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံးသည် သွန်းလောင်း ညောင်ရေမေတ္တာဝေ၍ ကောင်းကျိုးချမ်းသာများရရှိခံစားနိုင်ကြပါစေ၊ အေးအတူပူအမျှ ချစ်ခင်ကြ၍ အေးမြငြိမ်းချမ်းကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

# ကျေးလက်နေအမျိုးသမီးငယ်များအလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရေးသင်တန်းဖွင့်

**မြိတ် မေ ၉**

ကျေးလက်နေ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာစေရန်၊ အိမ်တွင်းမှုတစ်ပိုင်တစ်နိုင်သက်မွေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဝတ်စုံများကို လေးစားတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မြိတ်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ကြီးမှူးဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၄၆) နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၇၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ပုလော၊ ကျွန်းစုမြို့နယ်တို့မှ အမျိုးသမီး သင်တန်းသူ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ရှစ်ဦး၊ အခြေခံအိမ်တွင်းမှုသင်တန်းတွင် ၇၀ စုစုပေါင်း ၇၈ ဦးတို့အား အမျိုးသား၊ အမျိုးသမီးဝတ် အင်္ကျီ၊ ဘောင်းဘီများ၊ ဇာထိုး၊ ပန်းထိုး၊ ခေတ်မီဒီဇိုင်းပုံစံအမျိုးမျိုးချုပ်လုပ်ခြင်းနှင့် မြန်မာ့ရိုးရာအစားအစာ ချက်ပြုတ်နည်းတို့ကို ဘာသာရပ်အလိုက် စာတွေ့လက်တွေ့ (၁၄)ပတ်ကြာ နေ့စဉ်နံနက် ၉ နာရီမှညနေ ၄ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# အမျိုးသမီးငယ်များအတွက် အိမ်တွင်းမှုသက်မွေးပညာ သုံးမျိုး သင်တန်းဖွင့်

**ဘားအံ မေ ၉**

ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်းတွင် အမျိုးသမီးငယ်များအတွက် အိမ်တွင်းမှုသက်မွေးပညာသုံးမျိုး သင်တန်းဖြစ်သည့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၄)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၄၁)နှင့် ရိုးရာဂျပ်ခုတ်သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကို မေ ၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အဖွင့်အမှာစကားပြောကြားပြီး ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်း ကျောင်းအုပ်ဆရာမက သင်တန်းနှင့်ပတ်သက်သည့်အကြောင်း အရာများကိုရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော သင်တန်းအတွက် အခြေခံစားကုန်များအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကပေးအပ်ရာ ကျောင်းအုပ်ဆရာမက လက်ခံရယူသည်။

အဆိုပါသင်တန်း သုံးမျိုးကို နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တိုင်းရင်းသူအမျိုးသမီးငယ်လေးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်စေရန် ရည်ရွယ်ကာ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၄၄) တွင် အမျိုးသမီးငယ် ၅၉ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၄၁)တွင် အမျိုးသမီးငယ် ၁၂ ဦးနှင့် ရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၁၁) တွင်အမျိုးသမီးငယ် ငါးဦး စုစုပေါင်း ၇၆ ဦးကို ရက်သတ္တပတ် ၁၄ ပတ်ကြာ အခြေခံစက်ချုပ်ပညာ၊ သိုးမွှေးထိုးပန်းထိုးနည်း၊ မြန်မာမုန့်လုပ်နည်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် မော်တာအပ်ချုပ်စက်ဖြင့် ဝတ်စုံအမျိုးမျိုးချုပ်လုပ်နည်း၊ အသုံးအဆောင်အမျိုးမျိုး ရိုးရာဂျပ်ခုတ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**နေမျိုးလွင်(ဘားအံ)**

## မြောက်ဦးမြို့နယ်လက္ကာကျေးရွာအဝင်လက္ကာတံတားဖွင့်

**မြောက်ဦး မေ ၉**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် လက္ကာကျေးရွာ လက္ကာတံတားဖွင့်ပွဲ အခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီက အဆိုပါတံတား၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြောက်ဦးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးတင်ဝင်းက တံတားတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံရပ်မိရပ်ဖ ဦးမောင်ဘတင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးခင်မောင်ထွဋ်နှင့် မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူးတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တံတားအားလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၇ ဖြင့် ဆောင်ရွက်ခဲ့သော လက္ကာကျေးရွာအဝင် ပေ ၆၀ လက္ကာတံတား ဖွင့်လှစ်ပေးခြင်းကြောင့် ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## စက်ပြင်နှင့်လျှပ်စစ်သက်မွေးပညာကာလတိုသင်တန်းဆင်းပွဲကျင်းပ

**ငါးသိုင်းချောင်း မေ ၉**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ မေ ၈ ရက် နံနက် ၉ နာရီက ပညာရေးဝန်ကြီးဌာန နည်းပညာ/သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ငါးသိုင်းချောင်းမြို့ရှိ ဒေသခံရပ်မိရပ်ဖများ ပူးပေါင်းစီစဉ်ဖွင့်လှစ်ခဲ့သည့် စက်ပြင်နှင့် လျှပ်စစ်သက်မွေးပညာကာလတို သင်တန်းဆင်းပွဲကျင်းပသည်။

ပုသိမ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးဦးအောင်ထိုက်သူက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး စာတွေ့၊ လက်တွေ့နှင့် လူတွေ့စစ်ဆေးချက် အောင်မြင်သူများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပေးခဲ့သည်။ မေ ၂ ရက်မှစတင်၍ မေ ၈ ရက် အထိ ငါးသိုင်းချောင်းမြို့ ဗိုလ်ချုပ်လမ်း အလက(ခွဲ)ကျောင်းဆောင်တွင်သင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ရာ စက်ပြင်နှင့် လျှပ်စစ်သက်မွေးပညာ သင်တန်းသား စုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင် ဦးသန်းစိုးက မိမိတို့ဒေသနှင့်ကိုက်ညီပြီး ကာလတို သင်တန်းဖြစ်သော်လည်း စနစ်တကျသင်ကြားပို့ချမှုများ၊ သင်ယူမှုများကြောင့် အသက်မွေးဝမ်းကြောင်းမှု အခွင့်အလမ်းများ ပိုမိုရရှိလာမည့်အပြင် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်၍ များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရေကြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



## ပြည်နယ်အဆင့် လူထုအခြေပြု မူးယစ်ဆေးစွဲရောဂါ ကာကွယ်ရေးစီမံချက်လုပ်ငန်း အသိပေးဆွေးနွေး

**မြစ်ကြီးနား မေ ၉**
မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ (ဗဟို)နှင့် မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း (SARA) တို့ ပူးပေါင်း၍ ပြည်နယ်အဆင့် လူထုအခြေပြု မူးယစ်ဆေးစွဲရောဂါ ကာကွယ်ရေးစီမံချက်လုပ်ငန်း အသိပေးဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိHotel Madira အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က အဖွင့်ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း(SARA) ဥက္ကဋ္ဌ ဒေါက်တာဂျော်ထက်ဒိုးက လူထုအခြေပြု မူးယစ်ဆေးစွဲရောဂါကာကွယ်ရေးစီမံချက် မဟာဗျူဟာ (၃)ရပ်တွင် ပါဝင်သည့် သားသမီး အုပ်ထိန်းမှုပညာကို မိဘများအား သင်ကြားပေးခြင်း၊ လူငယ်ထုကို ဘဝရှင်သန်နေထိုင်တတ်ရေး၊ အတတ်ပညာသင်ကြားပေးခြင်း၊ ပြည်သူလူထုအတွင်း မူးယစ်ဆေးသုံးစွဲမှု ကာကွယ်ရေးဝန်းကျင် တည်ဆောက်ခြင်းလုပ်ငန်းများမှ အသေးစိတ်ဆောင်ရွက်သွားမည့် စီမံချက်များနှင့် ကချင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ်တွင် မိုးမောက်မြို့နယ်၊ မြစ်ကြီးနားမြို့နယ်၊ နမ္မတီးမြို့၊ ဟိုပင်မြို့၊ မိုးညှင်းမြို့နယ်နှင့် မံစီမြို့နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံချက်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်ပါက မူးယစ်ဆေးသုံးစွဲမှုမှာ သိသိသာသာ လျော့ကျသွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း (SARA) ဒေသညှိနှိုင်းရေးမှူး ဒေါက်တာထွန်းထွန်းဘရမ်က ကချင်ပြည်နယ်အတွင်း ဆောင်ရွက်သွားမည့် စီမံချက်လုပ်ငန်းနှင့် ပတ်သက်၍ တက်ရောက်လာသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးကြီး ရဲမှူးကြီးထွန်းဦးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြသည့် လူမှုရေးအသင်းအဖွဲ့များမှဖိတ်ကြားထားသူများ တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## မတ္တရာမြို့နယ်တွင် ရွှေတချောင်းမြောင်းအား ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်း



**မတ္တရာ မေ ၉**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ရွှေတချောင်းမြောင်းအား ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်ကင်းစင်ပြီး မြောင်းဘေး ဝဲယာ သန့်ရှင်းသာယာရေးလှပရေးအတွက် မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်/မြောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်များ၊ စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ မေ ၉ ရက် နံနက် ၇ နာရီမှ စတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေတချောင်းမြောင်း စုပေါင်းသန့်ရှင်းမှုတွင် နေရာငါးခုအား အဖွဲ့ငါးဖွဲ့ခွဲ၍ ချောင်းအတွင်းရှိ ဗေဒါပင်များ၊ ချုံနွယ်များနှင့် အမှိုက်များအား ဆယ်ယူရှင်းလင်းခြင်း၊ ချောင်းအတွင်းလဲကျနေသော သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ချောင်းဘေးရှိ အမှိုက်များအား ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရွှေတချောင်းရေအား မြို့အနောက်ဘက်ရပ်ကွက်များဖြစ်သည့် အမှတ် (၁)၊ အမှတ် (၃)၊ အမှတ် (၄) နှင့် အမှတ် (၅) ရပ်ကွက်တို့၏ အနောက်ဘက်ကပ်လျက်မှ စီးဆင်းသွားသည့်အတွက် ၎င်းရပ်ကွက်နေပြည်သူများနှင့် ချောင်းအောက်ပိုင်းရှိ ကျေးရွာနေပြည်သူများမှ ချောင်းရေကို အဓိကအသုံးပြုကြပြီး ကျန်းမာရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ချောင်းအထက်ပိုင်းတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် အမှိုက်များ၊ တိရစ္ဆာန်အသေများနှင့် အညစ်အကြေးများကို ချောင်းအတွင်း မစွန့်ပစ်ကြရန်နှင့် ပြည်သူများ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ရွှေတချောင်းမြောင်း ဘေးဝဲ-ယာ အစဉ်မြဲသန့်ရှင်းသာယာလှပပြီး ချောင်းရေအား ကြည်လင်သန့်ရှင်းရေး အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ချောင်းဘေးနေပြည်သူများကို အသိပညာပေး ပြောခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## သီလဝါအထူးစီးပွားရေးဇုန် ဓာတ်အားကြိုးများနှင့် မလွတ်ကင်းသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**သန်လျင် မေ ၉**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ ၂၃၀ ကေဗွီ သန်လျင်ပင်မ ဓာတ်အားခွဲရုံမှ သီလဝါ အထူးစီးပွားရေးဇုန်သို့ ဓာတ်အား ထုတ်လွှတ်ပေးလျက်ရှိသော ၃၃ ကေဗွီ သန်လျင် SEZ (1)နှင့် SEZ (2) ဖီဒါများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ စက်အင်အား၊ လူအင်အားများဖြင့် မေ ၇ ရက် မွန်းလွဲပိုင်းက ဓာတ်အားကြိုးနှင့် မလွတ်ကင်းသော သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းနေသည်ကို တွေ့ရသည်။

အဆိုပါ ဓာတ်အားပို့လွှတ်ပေးလျက်ရှိသော ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရာတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အဖွဲ့ဝင် (၄) ဦးအောင်ကျော်ဦး၊ ခရိုင်လျှပ်စစ်မန်နေဂျာ (စီမံ) ဦးစံထွန်းအောင်၊ ခရိုင်လျှပ်စစ်မန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်မျိုးဦး၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ တံတားမြို့နယ်တို့မှ မြို့နယ်လျှပ်စစ်မန်နေဂျာများ ကြီးကြပ်၍ ခရိုင်အစုအဖွဲ့အင်အား ၈၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## အင်းတော်မြို့ လေဘေးသင့်ကျေးရွာများသို့ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်

**အင်းတော် မေ ၉**
စစ်ကိုင်းတိုင်းဒေကြီး အင်းတော်မြို့နယ်အတွင်း မေ ၅ ရက်က လေပြင်းတိုက်ခတ်သဖြင့် အင်းတော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအချို့တို့တွင် နေအိမ်များ လေပြင်းဒဏ်ကြောင့် သွပ်မိုးအိမ်များ၊ သက်ကယ်မိုးအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ နေအိမ်ဝင်းထရံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သော ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာ ၁၃ ရွာတို့မှ အိမ်ခြေ ၇၁ အိမ်တို့အား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သောကယ်ဆယ်ရေးပစ္စည်းငါးမျိုးကို မေ ၈ ရက် နံနက်က အင်းတော်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ထောက်ပံ့ပေးအပ်ပွဲကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပျက်စီးဆုံးရှုံးခဲ့သည့်နေအိမ်များမှ ကိုယ်စားလှယ်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# တစ်ပတ်အတွင်းထူးခြားအားကစားသတင်းများ

*မန်ယူကို ယူရိုပါလိဂ်ဖလားဆွတ်ခူးစေဖို့ ဆန္ဒရှိတယ်ဆိုတဲ့ ဂွါဒီယိုလာ၊ ရီးယဲလ်မှ ရီးယဲလ်ဖြစ်နေတဲ့ မက်ပီ၊ မော်ရင်ဟိုကို တမင်အရွဲ့တိုက်နေသလားထင်ရတဲ့ အာဆင်နယ် နည်းပြအဖွဲ့ဝင်တွေ၊ ပရီမီယာလိဂ်ချန်ပီယံအသင်းတွေထဲက တတိယတန်းကို တန်းဆင်းသွားရတဲ့ ပထမဆုံးကလပ်အဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ ဘလက်ဘန်း၊ ဂျူဗင်တပ်ပရိသတ်မဟုတ်ဘဲ တိုရီနိုပရိသတ်ဖြစ်တဲ့ ဂျူဗီနောက်ခံလူ ဘိုနူချီရဲ့သား စတဲ့ အားကစားလောကအတွင်း အနည်းငယ်ထူးခြားမှု ရှိတဲ့ သတင်းအချို့ကို ထုတ်နုတ်တင်ဆက်ပေးလိုက်ပါတယ်။*

## မန်ယူကို အာရုံလွှဲသလားဂွါဒီယိုလာ



မန်စီးတီးနည်းပြ ဂွါဒီယိုလာက မန်ယူအသင်းကို ယူရိုပါလိဂ် ဖလားဆွတ်ခူးစေချင်တယ်လို့ ဆိုလိုက်တာကြောင့် ထိပ်တန်းလေးနေရာဝင်ရောက်ရေး အပြင်းအထန်ယှဉ်ပြိုင်နေတဲ့ သူတို့အသင်းကြား ပြိုင်ဆိုင်မှု ပြင်းထန်နေတဲ့ အပေါ် မန်ယူအသင်းကို အခြားအာရုံလွှဲလိုက်သလားလို့ အထင်ရောက်စေပါတယ်။ မန်စီးတီးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ယူပြီးနောက်မှာ ဂွါဒီယိုလာရဲ့ ယခုလို ပြောကြားချက်က မဆီမဆိုင်ဆိုသလိုဘဲ အာဆင်နယ်ကို အဝေးကွင်းမှာ သွားရောက်ရင်ဆိုင်ရမယ့် မန်ယူကို လမ်းကြောင်းလွှဲလိုက်သလို ဖြစ်သွားစေပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ဆိုရမလား နောက်ရက်ယှဉ်ပြိုင်ရတဲ့ ပွဲစဉ်မှာ မန်ယူက အာဆင်နယ်ကို နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်သွားပြီး သူတို့အသင်း ၂၅ ပွဲဆက် ရှုံးပွဲမရှိ စံချိန်တစ်ရပ်ပါ ကျိုးပျက်သွားခဲ့ပြီး မန်ယူဟာ မန်စီးတီးနဲ့ တစ်မှတ်အကွာကနေ လေးမှတ်ကွာ အနေအထားကို ရောက်ရှိသွားပါတယ်။ ဂွါဒီယိုလာကတော့ နောက်နှစ် ထိပ်တန်းလေးနေရာအတွက် လေးသင်း (လီဗာပူး၊ မန်စီးတီး၊ မန်ယူနဲ့ အာဆင်နယ်) ယှဉ်ပြိုင်နေရတာကြောင့် စိတ်မသက်မသာဖြစ်ရပြီး မန်ယူအသင်းကိုယူရိုပါလိဂ်ချန်ပီယံအဖြစ် အောင်ပွဲခံပြီး ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရယူစေချင်သလို လာမယ့်ရာသီ အင်္ဂလန်ကလပ်အသင်းငါးခု ဥရောပပြိုင်ပွဲ ယှဉ်ပြိုင်တာကို မြင်တွေ့ချင်တယ်လို့ ဆိုပါတယ်။ ဂွါဒီယိုလာရဲ့ ယခုပြောစကားအပြီး နောက်တစ်ရက်မှာ မန်ယူရှုံးပွဲကြုံခဲ့တာကြောင့် ဂွါဒီရဲ့စကားကို မော်ရင်ဟိုနားယောင်ခဲ့သလား စိတ်ဝင်စားစရာကောင်းပါတယ်။

## ရီးယဲလ်မှ ရီးယဲလ်ဖြစ်နေတဲ့ မက်ပီ

မိုနာကို ဆယ်ကျော်သက်တိုက်စစ်မှူးလေးဟာ မန်စီးတီးကို ကျော်ဖြတ်လာတဲ့ ချန်ပီယံလိဂ်ပွဲစဉ်နောက်ပိုင်း နာမည်ဟိုးဟိုးကျော်တဲ့ ကမ္ဘာကျော်အဖြစ်ကို ရောက်ရှိလာခဲ့သူပါ။ သူ့ကို အလိုရှိနေတဲ့ ကလပ်အသင်းတွေကလည်း ဥရောပထိပ်တန်းအသင်းကြီးတွေဖြစ်ပြီး ရီးယဲလ်၊ ဘာစီလိုနာအစ မန်ယူ၊ မန်စီးတီးအဆုံး တကယ့် ဒိတ်ဒိတ်ကြဲ အသင်းတွေဖြစ်ပါတယ်။ ဒါပေမယ့် မက်ပီကတော့ မော်ရင်ဟိုရဲ့ နည်းစနစ်ပိုင်းကို ကြိုက်နှစ်သက်မှု မရှိတာကြောင့် မန်ယူကို လာမှာ မဟုတ်သလို သူ့ရဲ့ စံပြပုဂ္ဂိုလ် စီရိုနယ်လ်ဒိုရှိတဲ့ ရီးယဲလ်ကိုပြိုင်ဘက်အဖြစ် ရင်မဆိုင်လိုတာကြောင့် ဘာစီလိုနာကိုလည်း ပြောင်းဖို့ စိတ်မဝင်စားဘူးလို့ သိရပါတယ်။

မိုနာကိုကတော့ သူတို့တိုက်စစ်မှူးလေးကို နောက်တစ်ရာသီ ဆက်လက် ကစားပေးဖို့ စည်းရုံးနေပေမယ့် ရီးယဲလ်ရဲ့ ကမ်းလှမ်းမှုကို ဆုလာဘ်ကြီး တစ်ခုလို သဘောထားတဲ့ မက်ပီကတော့ ငြင်းပယ်လိုစိတ်မရှိဘဲ လာမယ့်နွေဈေးကွက်အတွင်းရီးယဲလ်ကို ပြောင်းဖို့ သန္နိဋ္ဌာန်ချထားပြီး ဖြစ်တယ်လို့ သတင်းတွေ ထွက်နေပါတယ်။ မက်ပီဟာ ကလေးဘဝကတည်းက ရီးယဲလ်ရဲ့ ပရိသတ်တစ်ဦးအဖြစ်ကြီးပြင်းခဲ့ပြီး သူ့အိပ်ခန်းနံရံတွေမှာ ရီးယဲလ်ကစားသမားတွေရဲ့ ရုပ်ပုံတွေကသာ အပြည့်နေရာယူထားခဲ့တာကို ကြည့်ရင် မက်ပီရဲ့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးဟာ ရီးယဲလ်မှ ရီးယဲလ်ဖြစ်နေတယ်ဆိုတာ သေချာပါတယ်။



## မော်ရင်ဟိုကို လှောင်နေကြသလား




အာဆင်နယ်နဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲချိန်အတွင်း အာဆင်နယ်အသင်း ဦးဆောင်ဂိုး နှစ်ဂိုး ရပြီးချိန် နည်းပြအဖွဲ့ဝင်တွေဟာ သက်သောင့်သက်သာရှိနေတဲ့ ပုံစံနဲ့ ရှိနေခဲ့ကြလို့ ဒါဟာ ယောက်ယက်ခတ် အော်ဟစ်ညွှန်ကြားနေတဲ့ မော်ရင်ဟိုကို လှောင်နေသလားလို့တောင် ထင်ရပါတယ်။ အာဆင်နယ်နည်းပြအဖွဲ့ဝင်တွေဟာ ချောကလက်ထုပ်ကို တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းစားနေကြသလို သူတို့ရဲ့ ခြေထောက်အောက်နားမှာလည်း သောက်လက်စ ပက်ပစီဘူးကြီးကို ချထားခဲ့လို့ ဒါဟာပွဲကို အေးအေးလူလူလာကြည့်နေတဲ့ ပရိသတ်တွေရဲ့ ပုံစံပေါက်နေပါတယ်။ ကစားချိန်အတွင်း နည်းပြ အဖွဲ့ဝင်တိုင်းလိုလိုက စိတ်လှုပ်ရှားမှုအပြည့်နဲ့ မျက်တောင်မခတ်တမ်းအာရုံစိုက်ကြည့်ကြရပေမယ့် အာဆင်နယ်နည်းပြအဖွဲ့ဝင်တွေရဲ့ အခုလုပ်ရပ်က မော်ရင်ဟိုအပေါ် တမင်ချိုးနှိမ်လုပ်ဆောင်နေတယ်လို့ ထင်မှတ်စေပါတယ်။ ဒါပေမယ့် ဝေဖန်မှုတွေကိုသာ အသားပေးဖော်ပြတတ်တဲ့ မီဒီယာအချို့ကတော့ အာဆင်နယ်နည်းပြအဖွဲ့ဝင်တွေဟာ မော်ရင်ဟိုရဲ့ နောက်ကျောနားမှာ ထိုင်နေပြီး အစားအသောက်ကိုသာ အာရုံစိုက်နေတာကြောင့် မော်ရင်ဟိုကို အသံတိတ်လှောင်နေတာလို့ သူတို့ထင်မြင်ချက်ကို ပေါ်ပေါ်ထင်ထင် ချပြနေကြပါတယ်။ နည်းပြဝင်းဂါးဟာ တစ်ကြိမ်တစ်ခါမှ အသာရဖူးခြင်းမရှိတဲ့ မော်ရင်ဟိုကို အမ်းမရိတ်စ်ကွင်းမှာ နှိပ်ကွပ်ပြလိုက်ပြီး မော်ရင်ဟိုကို ရင်ဆိုင်တိုင်း တစ်ကြိမ် တစ်ခါမျှ အသာရဖူးခြင်းမရှိတဲ့ မှတ်တမ်းဆိုးကို ချေဖျက်ပြလိုက်တယ်ဆိုတာကတော့ သေချာပါတယ်။

## ပရီမီယာလိဂ် ချန်ပီယံအသင်းတွေထဲမှာ တတိယတန်းကိုတန်းဆင်းသွားတဲ့ ပထမဦးဆုံးကလပ်အသင်းအဖြစ် မှတ်တမ်းဝင်သွားတဲ့ အသင်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| 20 | Burton Albion | 46 | 13 | 13 | 20 | -14 | 52 |
| 21 | Nottingham Forest | 46 | 14 | 9 | 23 | -10 | 51 |
| 22 | Blackburn Rovers | 46 | 12 | 15 | 19 | -12 | 51 |
| 23 | Wigan Athletic | 46 | 10 | 12 | 24 | -17 | 42 |
| 24 | Rotherham United | 46 | 5 | 8 | 33 | -58 | 23 |

၁၉၉၅ခုနှစ်မှာ ပရီမီယာလိဂ် ချန်ပီယံအဖြစ် အောင်ပွဲခံခဲ့တဲ့ ဘလက်ဘန်းအသင်းဟာ နှစ်ပေါင်း ၂၀ ကျော်အကြာမှာတော့ အင်္ဂလန်တတိယတန်းကို တန်းဆင်းသွားခဲ့ရတဲ့ ပထမဦးဆုံး ပရီမီယာလိဂ် ချန်ပီယံအသင်းအဖြစ် မှတ်တမ်းဝင်သွားပါတယ်။ ဘလက်ဘန်းအသင်းဟာ တန်းဆင်းဇုန်တိုက်ပွဲကနေ ဖယ်ရှားနိုင်ဖို့ ဘရန့်ဖို့ဒ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားခဲ့ပေမယ့် တန်းဆင်းဇုန်ပြိုင်ဘက်တွေဖြစ်တဲ့ နော့တင်ဟမ်နဲ့ ဘာမင်ဂမ်အသင်းတို့ဟာ အနိုင်ရလဒ်ကို ပုံဖော်နိုင်ခဲ့တာကြောင့် ဘလက်ဘန်းအသင်းဟာ လိဂ်ဝမ်းကို တန်းဆင်းသွားခဲ့ရတာ ဖြစ်ပါတယ်။

ဘလက်ဘန်းပရိသတ် တွေဟာ သူတို့ကလပ်အသင်း ဂိုးသွင်းအောင်ပွဲခံနေချိန်မှာတောင် သက်သောင့်သက်သာ ရှိမနေခဲ့ကြဘဲ စမက်ဖုန်းတွေက တစ်ဆင့် နော့တင်ဟမ်နဲ့ ဘာမင်ဂမ်အသင်းတို့ရဲ့ရလဒ်ကို စိုးတထိတ်ထိတ်နဲ့ စောင့်ကြည့်နေခဲ့ရပါတယ်။ ဒါပေမယ့် ဒီစိုးထိတ်မှုကို မလွန်မြောက်နိုင်ဘဲ ဘလက်ဘန်းအသင်းရဲ့ အနိုင်ရလဒ်ဟာ တန်းဆင်းဇုန် တိုက်ပွဲကို ရပ်တန့်နိုင်ခြင်းမရှိပါဘူး။



ဘလက်ဘန်းအသင်းဟာ ၂၀၁၀ ခုနှစ်က ပရီမီယာလိဂ်အဆင့်(၁၄) နေရာ ရောက်ရှိခဲ့တုန်းက နည်းပြဆမ်အလာဒိုက်စ်ကို ချက်ချင်းထုတ်ပယ်ခဲ့တဲ့အထိ ရလဒ်ပိုင်းကို အလေးထားခဲ့ပေမယ့် ခုတော့ ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖူးတဲ့ အသင်းတွေထဲမှာ လိဂ်ဝမ်းကို တန်းဆင်းသွားရတဲ့ ပထမဦးဆုံးအသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့တာကတော့ ပရီမီယာလိဂ်ချန်ပီယံအသင်းတစ်ခုရဲ့ အကျပိုင်းကို ကမ္ဘာ့ဘောလုံးပရိသတ်တွေ မြင်တွေ့ခဲ့ရတာဖြစ်ပါတယ်။

## ဂျူဗီပရိသတ်မဟုတ်ဘဲ တိုရီနို ပရိသတ်ဖြစ်နေတဲ့ ဘိုနူချီရဲ့သား

ဂျူဗီလို့ စဉ်းစားလိုက်တာနဲ့ ဘိုနူချီ၊ ဘာဇာဂလီနဲ့ ချီလီနီတို့ သုံးဦးဟာ သူရဲကောင်း သုံးဦးရယ်လို့ ပရိသတ်တွေက ပထမဦးဆုံး ပြေးမြင်မိကြမှာဖြစ်ပါတယ်။ ဒါပေမယ့် ဂျူဗီခံစစ်တံတိုင်း ဘိုနူချီရဲ့ သားဖြစ်သူက ဖခင်ကစားနေတဲ့ ဂျူဗင်တပ်ကို အားမပေးဘဲ တိုရီနိုကို အားပေးနေတာ ကြောင့်ဖခင်ဟာ သားဖြစ်သူအတွက် စံနမူနာ မဖြစ်တာလားလို့ ကာတွန်းတွေ ပုံဖော်ရေးဆွဲလှောင်ပြောင်မှုတွေတောင် ခံနေရပါတယ်။




ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ယှဉ်ပြိုင်ခဲ့တဲ့ စီရီးအေပွဲစဉ်မှာလည်း ဂျူဗင်တပ်ဟာ တိုရီနိုကို တစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့တာကြောင့် ဘာစီလိုနာလို အသင်းကြီးကို သုံးဂိုးပြတ် နှိပ်ကွပ်ခဲ့တဲ့ ဂျူဗီရဲ့ ခြေစွမ်းတွေ ဘယ်ရောက်သွားပြီလဲလို့ မေးခွန်းထုတ်ရတော့မလိုပါပဲ။ ဒါပေမယ့် ဘိုနူချီကတော့ သားဖြစ်သူကြောင့် တိုရီနိုကို လျှော့ကန်ခဲ့တာမဟုတ်ဘူးလို့ ပွဲအပြီးမှာ ဟာသနှော ပြန်လည်ဖြေကြားခဲ့ပါတယ်။ အနောက်တိုင်းက ကလေးတွေဟာ လွတ်လပ်မှုကို အခြေပြုရွေးချယ်ခွင့်ရှိတဲ့ လူမှုဝန်းကျင်ပုံစံမှာ ရှင်သန်ခဲ့ကြရလို့ သူတို့ ကြိုက်တာကို သူတို့ဘာသာ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရှိပါတယ်။ ဥပမာဆိုရင် မာဆေးလ်ကွင်းလယ်လူ ပါယက်ရဲ့ သားတွေက စီရိုနယ်လ်ဒိုကို စံပြုထားလွန်းလို့ ယူရို-၂၀၁၆က အရှုံးကို မမေ့နိုင်တဲ့ ပါယက်က သူ့ရှေ့မှာ စီရိုနယ်လ်ဒိုရဲ့အကြောင်း ခဏခဏမပြောဖို့ တားမြစ်ရတဲ့ အထိပါပဲ။

**မေလှဲသင်း – ရေးသားသည်။**

# Psy ရဲ့တေးအယ်လ်ဘမ်သစ်တွင်ပါဝင်မည့် တေးသီချင်းများ ထုတ်ဖော်ပြသ





တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ Psy က မကြာမီထုတ်လွှင့်သွားမယ့် သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတွေအနက် တေးသီချင်းငါးပုဒ်ရဲ့အမည်နဲ့ ဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

Psy ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ သူ့ရဲ့ရှစ်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်ပြီး အမည်ကိုတော့ “4×2=8”လို့ပေးထားကြောင်းသိရပါတယ်။ ပြီးခဲ့တဲ့ မေ ၈ ရက်မှာ တေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းငါးပုဒ်ရဲ့အမည်နဲ့ဓာတ်ပုံတွေကို Psy က ထုတ်ဖော်ပြသခဲ့ရာမှာတော့ တေးသီချင်းတစ်ပုဒ်ချင်းစီအတွက် ရည်ရွယ်ဖန်တီးထားတဲ့ ဓာတ်ပုံတွေဟာ ကာတွန်းပုံတွေဖြစ်နေတာကိုလည်း တွေ့ရပါတယ်။

“4×2=8”တေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေး “I Luv It”အတွက် ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံမှာတော့ မင်းသားလီဗြောင်ဟွန်းနဲ့ Psy တို့ဟာ ဘေးချင်းယှဉ်ကာ ထိုင်နေတာကို တွေ့မြင်ရပါတယ်။ လီဗြောင်ဟွန်းဟာ Psy ရဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်းကိုတော့ Psy က ပြီးခဲ့တဲ့ လအတွင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒုတိယမြောက်တေးသီချင်းကိုတော့ “New Face”လို့အမည်ပေးထားပြီး Psy နဲ့အတူ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “A pink”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နာအွန်းက ယင်းတေးသီချင်းမှာ တွဲဖက်အားဖြည့်သီဆိုပေးထားတာတွေ့ရပါတယ်။ ကျန်တေးသီချင်းသုံးပုဒ်ဖြစ်တဲ့ “Last Scene”၊ “Love”နဲ့ “Bomb”တို့အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ကာဗာဓာတ်ပုံတွေအရ ယင်းတေးသီချင်းတွေမှာတော့ Psy နဲ့အတူ တောင်ကိုရီးယားရဲ့ အခြားသောနာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ လီဆန်ကွန်း၊ အမျိုးသားတေးဂီတအဖွဲ့ “Big Bang”ရဲ့ အဖွဲ့ဝင်တေးယန်၊ “iKON”မှ ဘီအိုင်အန်ဘော်ဘီတို့က ပါဝင်အားဖြည့်သီဆိုပေးထားတာကို တွေ့ရပါတယ်။

Psy ရဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုလုံးကိုတော့ မေ ၁၀ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ဘေဘုတ်တေးဂီတဆုပေးပွဲကို တက်ရောက်ကြမယ့် BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS”ဟာ ယခုနှစ်အတွက် ရည်ရွယ်ပြုလုပ်တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ “Billboard Music Awards”ကို တက်ရောက်သွားမှာဖြစ်ကြောင်း အတည်ပြုပြီးဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၈ ရက်မှာတော့ အဆိုပါတေးဂီတထူးချွန်ဆုပေးပွဲကြီးကို တာဝန်ယူကျင်းပပေးတဲ့ ဘေဘုတ်မှတာဝန်ရှိသူတွေက မကြာမီကျင်းပသွားတော့မယ့် ယခုနှစ်ရဲ့ ထူးချွန်ဆုပေးပွဲအခမ်းအနားမှာ “BTS”အနေနဲ့ တက်ရောက်သွားမှာဖြစ်ကြောင်းကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဘေဘုတ်ရဲ့ တရားဝင်လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ “ BTS တေးဂီတအဖွဲ့က ပြီးခဲ့တဲ့ မေ ၈ ရက်မှာ ယခုနှစ်ထူးချွန်ဆုပေးပွဲကြီးကို တက်ရောက်မှာဖြစ်ကြောင်း အတည်ပြုပြောကြားပေးခဲ့ပါတယ်။ ဒီဆုပေးပွဲမှာ BTS ဟာ top social artist ဆုကို ဆွတ်ခူးနိုင်ဖို့မျှော်လင့်နေတာလည်း ဖြစ်ပါတယ်။ BTS အနေနဲ့ ယခုလိုတက်ရောက်တဲ့အတွက် အမေရိကန်နိုင်ငံမှာပြုလုပ်တဲ့ တေးဂီတထူးချွန်ဆုပေးပွဲကို ပထမဆုံးတက်ရောက်ခဲ့တဲ့ တောင်ကိုရီးယားတေးသံရှင်တွေဖြစ်လာမှာလည်း ဖြစ်ပါတယ်”လို့ ရေးသားဖော်ပြခဲ့ပါတယ်။

လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ပရိသတ် ငါးသန်းခန့်ပိုင်ဆိုင်ထားတဲ့ “BTS” ဟာ ယခုနှစ်အတွက် ဘေဘုတ်တေးဂီတထူးချွန်ဆုပေးပွဲမှာတော့ “ top social artist ”ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့တာ ဖြစ်ပါတယ်။ “BTS”နဲ့အပြိုင် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်ဒီ၊ စွမ်မန်းဒပ်စ်နဲ့ ဆယ်လီနာဂိုမက်ဇ်တို့ပဲ ဖြစ်ပါတယ်။

“Billboard Music Awards 2017” ဆုပေးပွဲကြီးကိုတော့ လာမယ့် မေ ၂၁ ရက်မှာ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့မှာ ကျင်းပသွားမှာဖြစ်ပြီး ယင်းဆုပေးပွဲကြီးမှာ “BTS” ဟာ အနိုင်ရရှိခဲ့ပါက တောင်ကိုရီးယားကို ထူးချွန်ဆုသယ်ဆောင်လာပေးနိုင်တဲ့ ပထမဆုံးသော ကေပေ့ါပ်အဖွဲ့ဖြစ်လာမှာလည်း ဖြစ်ပါတယ်။



အေးပြည့် - စုစည်းသည်

# မိုင်လီဆိုင်းရပ်စ်ရဲ့ တေးအယ်လ်ဘမ်သစ်ကို မျှော်လင့်နေတဲ့ သယ်ဖွိုက်စ်အဖွဲ့သားများ

အမေရိကန်နိုင်ငံရဲ့ အထင်ကရ အဆိုပြိုင်ပွဲကြီးတစ်ပွဲဖြစ်တဲ့ “The Voice” မှ ပင်တိုင်အကဲဖြတ်ဒိုင်တွေအဖြစ် ဆောင်ရွက်ခဲ့ကြတဲ့ ဂွမ်စတက်ဖန်နီနဲ့ အဒမ်လက်ဗင်းန်တို့က မိုင်လီဆိုင်းရပ်စ်ရဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့် နေ့ရက်ကို မျှော်လင့်စောင့်စားနေခဲ့ရကြောင်း အီးတီဒေ့ါကွန်းကို ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဂွမ်စတင်ဖန်နီကတော့ သူဟာ မိုင်လီဆိုင်းရပ်စ်ရဲ့ အသံကို အထူးနှစ်သက်ပြီး မိုင်လီရဲ့ ပင်တိုင်ပရိသတ်တစ်ဦးဖြစ်တာကြောင့် တေးအယ်လ်ဘမ်သစ်အတွက် ရင်ခုန်စွာစောင့်မျှော်နေကြောင်း ပြောကြားခဲ့ပါတယ်။ အဒမ်လက်ဗင်းန်ကတော့ မိုင်လီရဲ့ ဝတ်စားဆင်ယင်မှုကြောင့် သူ့ကိုအဆိုးမမြင်စေလိုကြောင်း၊ မိုင်လီဟာ တကယ်ကို အရည်အချင်းရှိတဲ့ တေးသံရှင်တစ်ဦးဖြစ်ကြောင်းနဲ့ ထူးခြားတဲ့အသံကို ပိုင်ဆိုင်ထားသူဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

ပေ့ါပ်တေးသံရှင် မိုင်လီဆိုင်းရပ်စ်ဟာ လတ်တလောမှာတော့ တေးသီချင်းသစ်တွေကိုဖန်တီးလျက်ရှိပြီး မိုင်လီရဲ့ တေးသီချင်းသစ်တွေဟာ သူ့ရဲ့ချစ်သူ မင်းသား လီယမ်ဟမ်းစ်ဝ့ါသ် အပေါ်ထားရှိတဲ့ သူ့ရဲ့အချစ်တွေကို ပုံဖော်ရေးဖွဲ့ထားတဲ့ တေးသီချင်းတွေသာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်ဟာ လတ်တလောမှာ တေးသီချင်းသစ်တွေနဲ့ တေးအယ်လ်ဘမ်သစ်ကို ထုတ်လုပ်သွားဖို့အတွက် ပြင်ဆင်နေကာ ဘေဘုတ်နဲ့လည်း ဆွေးနွေးမှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် မိုင်လီဆိုင်းရပ်စ်ရဲ့ ပရိသတ်တွေအနေနဲ့တော့ မိုင်လီရဲ့ တေးသီချင်းသစ်တွေနဲ့ တေးအယ်လ်ဘမ်သစ်ကို အနေးနဲ့အမြန် ခံစားခွင့်ရတော့မှာဖြစ်ကြောင်းလည်း သိရပါတယ်။

မိုင်လီဆိုင်ရပ်စ်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းသစ်တစ်ပုဒ်ကိုတော့ လာမယ့် မေ ၁၁ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး ယင်းတေးသီချင်းကိုတော့ မိုင်လီက “Malibu”လို့ အမည်ပေးထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် မိုင်လီဆိုင်းရပ်စ်ဟာ တေးသီချင်းထုတ်လွှင့်ပြီးနောက် နှစ်ရက်အကြာမှာတော့ အထူးဖျော်ဖြေမှုတစ်ခုကို ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



တေးအယ်လ်ဘမ်သစ်အတွက် အမည်ကို လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပေမယ့် မကြာမီထုတ်လွှင့်သွားမယ့် “Malibu”ဟာတော့ အချစ်သီချင်းချိုချိုလေးတစ်ပုဒ်ဖြစ်ကာ ယခင်က ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်ရဲ့ တေးသီချင်းတွေနဲ့မတူဘဲ တစ်မူထူးခြားတဲ့ တေးသီချင်းတစ်ပုဒ်လည်းဖြစ်ပါတယ်။ ဒါ့အပြင် ယင်းတေးသီချင်းဟာ မိုင်လီဆိုင်းရပ်စ်ရဲ့ လက်ရှိချစ်သူ လီယမ်ဟမ်းစ်ဝ့ါသ် နေထိုင်ရာ မလီဘူးလ်မြို့အကြောင်းနဲ့ သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းတွေအကြောင်း ရေးဖွဲ့ထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး မိုင်လီဆိုင်းရပ်စ်ကိုယ်တိုင်ရေးသားထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် မိုင်လီဆိုင်းရပ်စ်ဟာ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းအချို့ကိုလည်း ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် မိုင်လီဆိုင်းရပ်စ်ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ဟီလာရီကလင်တန်အကြောင်း ရေးသားစပ်ဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်နဲ့ လုပ်ငန်းခွင်ပေါ်က အမျိုးသမီးတစ်ယောက်အကြောင်းကို ရေးသားစပ်ဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ပါဝင်နေတာဖြစ်ပါတယ်။ ဟီလာရီကလင်တန်အကြောင်း ရေးသားထားတဲ့ တေးသီချင်းပါဝင်တာကြောင့် တေးအယ်လ်ဘမ်သစ်ဟာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ သီချင်းတွေများစွာပါဝင်နေတာမျိုးမဟုတ်ဘဲ အချစ်အကြောင်းတွေသာ လွှမ်းမိုးနေတဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်တယ်လို့လည်း သိရပါတယ်။

“ဒါဟာ ကျွန်တော်ကြားခဲ့ရသမျှသော တေးသီချင်းတွေထဲမှာ မိုင်လီဆိုင်းရပ်စ်အနေနဲ့ အခြေခံကျကျလေ့လာသင်ယူပြီးမှ ဖန်တီးထားတဲ့ တေးသီချင်းတွေလည်း ဖြစ်ပါတယ်။ သူ့အတွက်ကတော့ ဒါဟာ အရိုးသားဆုံးဖြစ်ပါတယ်”လို့ မိုင်လီဆိုင်းရပ်စ်ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး သူ့ရဲ့ဖခင်ဖြစ်သူ ဘီလီရေးဆိုင်းရပ်စ်က ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် အခြားသောသတင်းရင်းမြစ်တစ်ဦးကလည်း မိုင်လီဆိုင်းရပ်စ်ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး မိုင်လီဟာ အချစ်အကြောင်းကို အတော်များများ ထည့်သွင်းရေးဖွဲ့ထားကြောင်းနဲ့ ချစ်သူ လီယမ်ဟမ်းစ်ဝ့ါသ်ကို တိုက်ရိုက်ရည်ညွှန်းထားတာမဟုတ်ပေမယ့် လီယမ်ကို ရည်ရွယ်တယ်ဆိုတာကို အထင်းသားမြင်တွေ့နေရကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်ဟာ ဂီတသက်တမ်းတစ်လျှောက်အောင်မြင်တဲ့ တေးသီချင်းပေါင်းများစွာကို ဖန်တီးခဲ့ပြီး ယင်းတို့အနက်မှ "Party in the U.S.A."၊ "Wrecking Ball" နဲ့ "We Can't Stop"တို့ဟာ အကျော်ကြားဆုံးသော တေးသီချင်းတွေဖြစ်ကြကာ မကြာမီထွက်ရှိလာမယ့် တေးအယ်လ်ဘမ်သစ်ဟာတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းထွက်ရှိခဲ့တဲ့ “ Miley Cyrus & Her Dead Petz”တေးအယ်လ်ဘမ်ပြီးနောက် ပထမဆုံးအကြိမ် ထွက်ရှိလာမယ့် မိုင်လီဆိုင်းရပ်စ်ရဲ့ တေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## နှိုးဆော်စာ

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးဒေသတွင် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဦးဆုံး ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ တည်းခိုနိုင်ရန်အတွက် ဘုရားဖူး ပြည်သူများ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ထားသော ဘုရားဖူးတည်းခိုဆောင်များတွင် လေအေးပေးစက်၊ အဆင့်မြင့်သန့်စင်ခန်း၊ ကျယ်ဝန်းသည့် ကားရပ်နားစခန်း၊ လုံခြုံစိတ်ချရသောလုံခြုံရေးများဖြင့် အများအစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ မိသားစု အဖွဲ့သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ သင့်တင့်သောအလှူငွေဖြင့် စိတ်အေးချမ်းသာစွာ တည်းခိုနိုင်ပါကြောင်း လေးစားစွာ အသိပေးနှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဝေရောစနကျောက်စိမ်းစေတီတော်**
**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**
**ဖုန်း-၀၉-၇၆၅၇၀၀၈၅၅၊ ၀၉-၄၃၀၁၀၇၀၇၊ ၀၉-၇၇၄၉၃၁၃၆၉**


**ဦးသူရရှိန် စာရင်းကိုင် သင်တန်းများ**

**LCCI Level 1,2,3**

MAS EDUCATION CENTER

**2017 December Exam** အတွက်
တန်းခွဲသစ်များကို ကျောင်းအပ် စတင်လက်ခံ နေပါပြီ။

Centre I -အမှတ် (၁၈၄-၁၈၆)၊ ဒုတိယထပ်၊ ၄၅လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်။
Centre II -အမှတ် (၁၀၆-A)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။

**09-779922385, 09-779922386, 09-8581000**



တစ်နေ့တခြား အဖြစ်များလာသော နာတာရှည်ကျောက်ကပ်ရောဂါကို ကုသရာတွင် အစွမ်းထက်မြက်သည့် သဘာဝဆေးဖက်ဝင်အပင်အား သိပ္ပံနည်းကျ သုတေသနစမ်းသပ်ချက်များကို အခြေခံ၍

**ဒေါက်တာခင်မောင်လွင် (FAME)**

သုတေသနပြုရေးသားထားသည့်

**ကျောက်ကပ်ဆေးပင်**

"နာတာရှည်ကျောက်ကပ်ရောဂါဝေဒနာရှင်များ မဖြစ်မနေ ဖတ်ရှုသင့်သည့် စာအုပ်"

**Ks 5,000**

**Ph: 09 965 559 860, 01 682 199, 685 083, 685 609**

**မကြွေသောပန်း**

**အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း**

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကရိယာ၊ ဂိုဒေါင်၊ ဗှာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက ကားကြီး၊ ကားငယ် ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ တပါတည်း ပြောင်းရွှေ့ပေးသည်။ **(မြို့တွင်း / နယ်ဝေး)**

**Ph: 09 2580 22220, 09-250 499979**
**09 732 09992, 09 25444 9533**

**သီဟာလင်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။

01-570307
09-5112729
09-5126394



မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော

Home Since 1996
think of House, think of Home

**ပါကေး အစားထိုး ကြမ်းခင်း**

Grade A,B,C,D
စစ်မှန်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့ စစ်ဆေးပေးသည်။

* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်း အနိမ့်ဆုံး ⟶ အမြင့်ဆုံး အထိ ရှိပါသည်
* လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

➤ အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီ မှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
➤ အမှတ်(၄/ ၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

ပိတ်ရက်မရှိ

HOTLINE: 09-79 700 70 71
09-79 700 70 81

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

**Topsyne®**

FDA ထောက်ခံချက်အမှတ် - 1309 PC 0021

မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"

အသစ်ထပ်မံ ထုတ်လုပ်ထားသော "ခေတ်သစ်ပျိုမေများရဲ့ ဖန်ဆင်းရှင်အစစ်"





**Herbal Cream**
(ငွေရောင်ဘူး)

**Herbal Cream**
(ပန်းပွင့်ပုံဘူး)

(ကျား/မ မရွေးသုံးနိုင်သည်)

လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)

Apple Production Co., Ltd : 09 86 18081, 09 49 316408


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၆၇၃/က)၊ မြေကွက်တည်နေရာအမှတ်(၆၇၃/က)၊ ပိတောက်ရွှေဝါလမ်း၊ ဒဂုံတောင်မြို့နယ် ဒေါ်သပြေ [၁၂/ဗဟန(နိုင်)၀၂၁၃၉၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်သပြေမှ ၎င်း အမည်ပေါက်ဂရန် ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ(၁-၈-၁၆)၊ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ဌာနပုံစံကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၂)ထပ်၊ အုတ်ညှပ်အဆောက်အဦ(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ကြောင်း တင်ပြ၍ နှစ်(၆၀)ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**(၅)ကေကျော် မြေကွက် အမြန်ရောင်းရန်**

လှော်ကားတာဆုံအနီး (အမှတ်-၄လမ်းမ) မှော်ဘီ တစ်ကေ (သိန်း-၅၀၀)ညှိနှိုင်းနိုင်

**ဖုန်း - ၀၉-၇၃၀၃၂၀၀၁**
**၀၉-၂၅၇၉၅၃၇၉၉**

ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)၊(၆)၊(၈)၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကို အမြန်ရောင်းမည်။ (B.C.C၊ မီတာရရှိပြီး)

ဖုန်း၊၊ 09-254111883, 09-785401011

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။

09-500 5916
09-730 97123

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

**1 Sqft = 4000Ks**

**လန(၃၉)ကျပြီး မြေပြပြင်ပြီး**
**ရန်ကုန်-ပုသိမ်လမ်းအနီး ဉမိုင်၊ ငါတလုံ**
**ဂိုဒေါင်၊ အသေးစားစက်မှု / လက်မှု နေရာကောင်း**
**(၉) ဧက ၊ ဧက ခွဲရောင်းသည်။**

**Ph: 09-797920009**


Healthcare Call Center
သိလိုသမျှ ကျန်းမာရေး 7887 ဖုန်းဆက်မေး
၂၄ နာရီ ဝန်ဆောင်မှု
Healthcare Call Center
7887
MPT
အထွေထွေရောဂါဝေဒနာများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဆေးရုံဆေးခန်းလမ်းညွှန်၊ မျိုးဆက်ပွားကျန်းမာရေး၊
အလှအပနှင့်နေထိုင်မှုပုံစံများ၊ ရင်တွင်းခံစားချက်များစသည့် ကျန်းမာရေးအသိပညာဗဟုသုတများနှင့်ပတ်သက်၍
MPT မိုဘိုင်းလ်ဖုန်းဖြင့် Hotline နံပါတ် 7887 သို့ ခေါ်ဆိုပြီး ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါပြီ။
www.healthcare.com.mm


YOMA HOME LOAN နှင့်
ပိုမိုကောင်းမွန်သောဘဝကို
တည်ဆောက်လိုက်ပါ။
အနီးဆုံးဘဏ်ခွဲများမှာ စုံစမ်းမေးမြန်းနိုင်သလို
Call Center ဖုန်းနံပါတ် 9662 သို့မဟုတ်
097 9662 9662 ကိုလည်း ခေါ်ဆိုမေးမြန်းနိုင်ပါတယ်။
Yangon
အခုပဲ လျှောက်ထား လိုက်ပါ။
Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။
ရိုးမဘဏ်
ကျွင့်ဝတ်မှန်ကန် ရိုးမဘဏ်

# မုတ္တမပင်လယ်ကွေ့ မြောက်ဘက်ပိုင်းအား မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ရမ်ဆာဒေသအဖြစ် သတ်မှတ်

**နေပြည်တော်  မေ  ၉**

မြန်မာနိုင်ငံသည် တစ်မူထူးခြားသည့် ရေဝပ်ဒေသ(Wetland)များ တည်ရှိရာနိုင်ငံဖြစ်သည့်အလျောက် တောင်တန်းရေဝပ်ဒေသများမှသည် ကြီးမားသော ရေချိုရေဝပ်ဒေသများ၊ ကန်ကြီးများနှင့် ဒီရေတော၊ ရွှံ့ညွှန်လတာပြင်နှင့် သန္တာကျောက်တန်းကဲ့သို့သော ကမ်းရိုးတန်းရေဝပ်ဒေသများအထိ စုံလင်စွာရှိသည်။ ထိုထူးခြားလှသည့် ဂေဟစနစ်များသည် လူသားတို့ မှီခိုအားထားနေရသော အစားအစာမျိုးစုံနှင့် ရေကိုထောက်ပံ့ပေးစွမ်းနိုင်သည့်အပြင်၊ ရေကြီးရေလျှံသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်းနှင့် ၎င်းဒေသအတွင်းရှိ အသက်မွေးဝမ်းကျောင်းနှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် အခြားသောအရာဝတ္ထုများနှင့် ဝန်ဆောင်မှုများစွာကိုလည်း ပံ့ပိုးပေးသည်။

ရေဝပ်ဒေသဆိုသည်မှာ ရွှံ့ညွှန်တောများ၊ ပုပ်သိုးဆွေးမြည့်နေသည့် သစ်ရွက်များပါရှိသော မြေများ၊ သဘာဝ(သို့)လူသားတို့ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသည့် ရေများ၊ ယာယီ (သို့) ထာဝရတည်ရှိနေသော ရေများ၊ ရေသေ (သို့) စီးဆင်းနေသောရေများ၊ ရေချို (သို့) ရေငန်နှင့် ဒီရေကျချိန်တွင် ခြောက်မီတာထက်မနက်သော ပင်လယ်ဒီရေတောနှင့် လတာပြင်များကို ခေါ်ဆိုပါသည်။

ရေဝပ်ဒေသဂေဟစနစ်သည် သက်ရှိများနှင့် သဘာဝဝန်းကျင်အတွက် အကျိုးကျေးဇူးများစွာ ပေးနေသော်လည်း အမှတ်မထင်သို့မဟုတ် မသိကျိုးကျွန်ပြုသည့် အနှောင့်အယှက်များစွာနှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ၁၉၇၀ မှ ၂၀၀၈ ခုနှစ်အတွင်း ၄၀ ရာခိုင်နှုန်းသော **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**






**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC)၏ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးသည် ပြည်သူလူထုပူးပေါင်းပါဝင်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်

**နေပြည်တော်  မေ  ၉**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC)၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဦးသန့်စင်မောင်၊ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်များ၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများ၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဆပ်ကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို **စာမျက်နှာ ၆ ကော်လံ ၃ သို့**

# အား/ကာသိပွဲအမျိုးသမီးအသင်း ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန်  မေ  ၉**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့အဖြစ် အား/ကာသိပွဲအသင်းနှင့် YREO အသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ အား/ကာသိပွဲအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

နိုင်ပွဲမရသေးသည့် အသင်းနှစ်သင်း၏ တွေ့ဆုံမှုဖြစ်ပြီး အား/ကာသိပွဲအသင်းက ခြေစွမ်းပိုသာကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပွဲအသင်းသည် ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အား/ကာသိပွဲအသင်းအတွက် အနိုင်ဂိုးများကို ၄၄ မိနစ်တွင် ဇွန်ပွင့်ဖြူ၊ ၅၀၊ ၆၆ မိနစ်တွင် ကေဇင်မြင့်၊ ၇၂ မိနစ်တွင် နုနုတို့က သွင်းယူခဲ့သည်။ အား/ကာသိပွဲအသင်းသည် ပထမဆုံးနိုင်ပွဲနှင့်အတူ အဆင့်(၄) နေရာအထိ တက်လှမ်းလာနိုင်ခဲ့ပြီး YREO အသင်းမှာ လေးပွဲဆက်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၅) ဒုတိယနေ့ကို မေ ၁၀ ရက် ညနေ ၄ နာရီတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**


